# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# (၂၂) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက် စုဆောင်း ထားရှိသည့်အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့် စည်ပင်ယာသာရေး အဖွဲ့ပိုင် ငွေကြေးသည် ဥပဒေအရ နိုင်ငံတော်ပိုင် ငွေကြေးဖြစ်သည့်အတွက် ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီ/မညီ ပြန်လည်စိစစ်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်း | ၄ |
| ၆ | လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ဥပဒေပါ ပြဋ္ဌာန်းချက်ပါ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်း၌ပါရှိပြီး မဲစာရင်းကောက်ယူခြင်းများကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၇ | ငါန်းဇွန်မြို့နယ်၊ အ.ထ.က မြို့သာတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးခဲ့ပါသော်လည်း ကျောင်းသားအင်အားအရ ထပ်မံလိုအပ်နေသော ကျောင်းဆောင်နှင့် သိပ္ပံခန်း၊ စာကြည့်တိုက်တို့ပါ ချထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၈ | လှိုင်လင်မြို့နယ်၊ မိုင်းပွန်အခြေခံပညာ အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မိုင်းပွန်စာစစ်ဌာနတစ်ခု ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၉ | အစိုးရသစ်လက်ထက်အတွင်း မြေလတ်ပိုင်းဒေသတွင် ပညာရေး တက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | စာသင်ကျောင်းဟောင်းများအား ကျောင်းသူ၊ ကျောင်းသားအင်အား၊ | ၂၂ |

စာသင်ခုံများ၊ ပရိဘောဂများ ဟောင်းနွမ်းပျက်စီးမှုအနေအထားပေါ်မူတည်၍ ကျောင်းသုံးပရိဘောဂများနှင့် သင်ထောက်ကူ ပစ္စည်းများ စိစစ်ခွင့်ပြုချ ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်က ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်း ကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ကာ သင့်လျော်သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နှီးနွှယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက် တစ်ရပ်ရေး ဆွဲဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်း ၂၅

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၃၃

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂ ) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက် နေ့ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၃၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃–၂–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက်စုဆောင်းထားရှိသည့် အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေကြေးသည် ဥပဒေအရ နိုင်ငံတော်ပိုင် ငွေကြေးဖြစ်သည့်အတွက် ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သော ဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီ၊ မညီ ပြန်လည်စိစစ်ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၏ **လွှတ်တော်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်ပါ မဲဆန္ဒ ပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်း၌ပါရှိပြီး မဲစာရင်းကောက်ယူခြင်းများကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမင်းသိန်း၊ ငါန်းဇွန် မဲဆန္ဒနယ်၏ **ငါန်းဇွန်မြို့နယ်၊ အ.ထ.က၊မြို့သာတွင် ၂၀၁၇–၂၀၁၈ ပညာသင်နှစ်၌ ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ပေးခဲ့ပါသော်လည်း ကျောင်းသားအင်အားအရ ထပ်မံလိုအပ်နေသော ကျောင်းဆောင်နှင့် သိပ္ပံခန်း၊ စာကြည့်တိုက်တို့ပါ ချမှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ **လွိုင်လင်မြို့နယ်၊ မိုင်းပွန် အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် မိုင်းပွန်စာစစ်ဌာနတစ်ခု ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **အစိုးရသစ်လက်ထက်အတွင်း မြေလတ်ပိုင်းဒေသတွင် ပညာရေး တက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **စာသင်ကျောင်းဟောင်းများအား ကျောင်းသူ၊ ကျောင်းသား အင်အား၊ စာသင်ခုံများ၊ ပရိဘောဂများ ဟောင်းနွမ်းပျက်စီးမှု အနေအထားအပေါ်မူတည်၍ ကျောင်းသုံး ပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ စိစစ်ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်က **“ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များဖြစ်ထွန်း ပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နီးနွယ်သည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၂၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၃၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊
(၂) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၃) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊
(၄) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၁ ရက်၊
(၅) ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ခွင့် ၁ ရက်၊
(၆) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၁ ရက်၊
(၇) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၁ ရက်၊
(၈) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၉) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ခွင့် ၁ ရက်၊
(၁၀) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊
(၁၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ခွင့် ၁ ရက်၊
(၁၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၆ ရက်၊
(၁၃) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊
(၁၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊
(၁၅) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင် ခွင့် ၁ ရက်၊
(၁၆) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊
(၁၇) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁ ရက်၊
(၁၈) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၁၉) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၂၀) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၂၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၂၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၂၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊
(၂၄) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၂၅) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၂၆) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊
(၂၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၆ ရက်၊
(၂၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၂၉) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၃၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊
(၃၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၃၂) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၃၃) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၃၄) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊
(၃၅) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊
(၃၆) အင်ဂ်ပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၁ ရက်နှင့်
(၃၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၅ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက် စုဆောင်းထားရှိသည့်အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စည်ပင်ယာသာရေးအဖွဲ့ပိုင် ငွေကြေးသည် ဥပဒေအရ နိုင်ငံတော်ပိုင် ငွေကြေးဖြစ်သည့်အတွက် ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီ/မညီ ပြန်လည်စိစစ်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ စည်ပင်သာယာငွေကြေးတွေကို ပုဂ္ဂလိကဘဏ်အဖြစ် ပြောင်းလဲမယ့်ကိစ္စပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုဖြစ်တဲ့ နယ်စပ်ရေးရာ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ၁၉၉၆ ခုနှစ်မှာ စည်ပင်သာယာရေးအဖွဲ့များအတွက် စည်ပင်သာယာရေးဘဏ်ကို ရည်ရွယ်ချက်လေးရပ်နှင့် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ (က)ကတော့ စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုံလောက်မှုမရှိသော စည်ပင်သာယာရေးအဖွဲ့များအား ဘဏ်မှ လျှာ့ဒါန်းထောက်ပံ့ခြင်းဖြင့် နိုင်ငံတော်မှ ထောက်ပံ့ငွေများအစဉ်တစိုက်ဖြည့်တင်းနေရခြင်းမှ လျော့နည်းစေရန်၊ (ခ) စည်ပင်သာယာရေးအဖွဲ့များသည် ဒေသန္တရအဖွဲ့အစည်းများ၏ အခြေခံမူနှင့်အညီ မိမိဝင်ငွေအပေါ် မိမိရပ်တည်ဆောင်ရွက်နိုင်စေရန်၊ (ဂ) စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်သူတို့၏ ငွေကြေးအရင်းအမြစ်များစုစည်းပြီး စီးပွားရေးစွမ်းအားစုတစ်ရပ်အဖြစ် ဘဏ်စနစ်ကို အသွင်ပြောင်းဆောင်ရွက်ရန်၊ (ဃ) မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ပါတယ်။ စတင်ဖွဲ့စည်းစဉ်နှစ်မှစပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များရဲ့ ရန်ပုံငွေက အစုရှယ်ယာများ စုပေါင်းထည့်ဝင်တာ၊ နှစ်စဉ်စုဆောင်းငွေများ အချိုးကျထည့်ဝင်တာများကြောင့် အကျိုးအမြတ်များစွာကို နှစ်အဆက်ဆက်ရရှိခဲ့ပြီး စည်ပင်သာယာရေးဘဏ်

လီမိတက်မှာလည်း ပိုင်ဆိုင်မှုတွေတိုးပွားခဲ့ရာ နေပြည်တော်၊ ရန်ကုန်မြို့တွေမှာ စည်ပင်သာယာရေး အဆောက်အဦတွေ၊ အခြားမြို့တွေမှာ ပိုင်ဆိုင်မှုတွေ၊ အုပ်ချုပ်ရေးယာဉ်ကားတွေ၊ ဝန်ထမ်းအိမ်ရာတွေနဲ့ အခြားပိုင်ဆိုင်မှုတွေ များစွာရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာတော့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် အမည်ပြောင်းဖွဲ့စည်းခဲ့သလို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်ပင်သာယာရေးအဖွဲ့များဟာလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများရဲ့ ကွပ်ကဲမှုအောက်ကို ရောက်ရှိသွားခဲ့ပါတယ်။ စည်ပင်သာယာရေးဘဏ်လီမိတက်ကိုလည်း ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်အဖြစ် အမည်ပြောင်းခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစကာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ကို ပြောင်းရွှေ့ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အစိုးရသစ်လက်ထက် ဝန်ကြီးဌာနတွေလွှဲပြောင်းရာမှာ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကို လွှဲပြောင်းမှုမပြုဘဲ ယခင် ပြည်ထောင်စုဝန်ကြီးဟောင်းက ဦးဆောင်ကာ ပုဂ္ဂလိကဘဏ်အဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ မူလအစုရှယ်ယာပိုင်ရှင်များဖြစ်တဲ့ စည်ပင်သာယာရေးအဖွဲ့များကို အသိပေးတာ၊ သဘောထားရယူတာတွေမပြုဘဲ ပုဂ္ဂလိကကုမ္ပဏီအချို့ကို အစုရှယ်တွေခွဲဝေရောင်းချပြီးတော့ အမြတ်ဝေစုတွေကိုလည်း အချိန်တိုအတွင်းမှာ စည်ပင်သာယာရေးအဖွဲ့များနည်းတူ ခွဲဝေပေးခဲ့ပါတယ်။ အဲဒီအတွက် ဘဏ္ဍာငွေနှင့် အဆောက်အဦပစ္စည်းတွေ၊ အရင်းအနှီးတွေမှာ ပုဂ္ဂလိကရှယ်ယာရှင်တွေကို လုပ်ထုံးလုပ်နည်းလွဲမှားစွာနဲ့ ဝင်ရောက်စေခဲ့တာကြောင့် စည်ပင်သာယာရေးအဖွဲ့တွေမှာ များစွာဆုံးရှုံးနစ်နာခဲ့ရပါတယ်။ ယင်း ကိစ္စနဲ့ပတ်သက်လို့ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်(နေပြည်တော်)မှာ ၂၇-၆-၂၀၁၆ ရက်နေ့က အစည်းအဝေးပြုလုပ်ခဲ့ရာမှာ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေး ညွှန်ကြားရေးမှူးများက ကန့်ကွက်ပေမဲ့လည်း ပုဂ္ဂလိကဘဏ်အဖြစ် အမည်ပြောင်းရေးကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးအဖွဲ့တွေရဲ့ ကျေးလက်ဘဏ်မှာစုဆောင်းထားတဲ့ ငွေစုစုပေါင်းဟာ ၂၁၇၉၉.၄ သန်းရှိပါတယ်။ ဒါဟာ အဆောက်အဦတွေနဲ့ အခြားပိုင်ဆိုင်မှုတွေ မပါသေးပါဘူး။ အဆိုပါငွေကြေးများက နိုင်ငံတော်ကချမှတ်ထားတဲ့ ရသုံးဆိုင်ရာဘဏ္ဍာရေး ညွှန်ကြားချက်များအရ နိုင်ငံတော်ပိုင်ငွေကြေးများဖြစ်တဲ့အတွက် ပုဂ္ဂလိကဘဏ်အဖြစ် လွှဲပြောင်းတာဟာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းတွေနဲ့ လွဲမှားနေတဲ့အပြင် စည်ပင်သာယာရေးအဖွဲ့များရဲ့ စုစုပေါင်းမတည်စုဆောင်းငွေတွေနဲ့ နှစ်ပေါင်းများစွာလည်ပတ်ခဲ့တဲ့အကျိုးအမြတ်တွေကို ပိုင်ဆိုင်တဲ့ ကျေးလက်ဖွံ့ဖြိုးဘဏ်ကို ပုဂ္ဂလိကဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းတာဟာ နိုင်ငံတော်နှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် များစွာနစ်နာစေခဲ့ပါတယ်။ ဒါကြောင့် မေးမြန်းလိုတာကတော့ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက်စုဆောင်းထားရှိသည့် အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်ငွေကြေးသည် ဥပဒေအရ ဥပဒေအရ နိုင်ငံပိုင်ငွေကြေးဖြစ်တဲ့အတွက် ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်သက်ဆိုင်သော ပြောင်းလဲတာဟာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်

ညီ/မညီ ပြန်လည်စိစစ်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးသိန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက်စုဆောင်းထားရှိသည့် အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေကြေးသည် ဥပဒေအရ နိုင်ငံတော်ပိုင် ငွေကြေးဖြစ်သည့်အတွက် ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီ/မညီ ပြန်လည်စိစစ်နိုင်ပေးခြင်းရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ပထမမေးခွန်းဖြစ်တဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့များမှ နှစ်အဆက်ဆက်စုဆောင်းထားရှိသည့် အစုရှယ်ယာနှင့် အရင်းအနှီးများအား ပြန်လည်တွက်ချက်၍ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ဖြေကြားမှာဖြစ်ပါတယ်။ ကုမ္ပဏီများကို ဖွဲ့စည်းတည်ထောင်ရာတွင် အဓိကအားဖြင့် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေဖြင့် ဖွဲ့စည်းတည်ထောင်ကြရပါတယ်။ ဒါ့အပြင် ကုမ္ပဏီအစုရှယ်ယာရှင်တွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂိုလ်ပါဝင်ပါက ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအပြင် ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံအထူးကုမ္ပဏီများအက်ဥပဒေဖြင့် ဖွဲ့စည်းတည်ထောင်ကြရပါတယ်။ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို တည်ထောင်ရာတွင် အထက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရတဲ့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ပေးတဲ့ လိုင်စင်အရ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရပါတယ်။ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ၁၉၉၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အသစ်ထပ်မံပြဋ္ဌာန်းခဲ့ပါတယ်။

ယခု ကျေးလက် ဖွံ့ဖြိုးရေးဘဏ်ဟာ ယခင် စတင်တည်ထောင်စဉ်က စည်ပင်သာယာရေးဘဏ်ဖြစ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ထည့်ဝင်ငွေဖြင့် တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုတည်ထောင်ရာမှာ ၁၉၉၆ ခုနှစ်မှာ အထက်ပါ ၁၉၁၄ ခုနှစ်၊ ကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့အရ အများနှင့်မသက်ဆိုင်သော လွယ်လွယ်ဆိုရင် ပုဂ္ဂလိကဘဏ်အဖြစ် ပေးရန်တာဝန်ကန့်သတ်

ထားတဲ့ ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။ စတင်တည်ထောင်ကတည်းက အများနှင့်မသက်ဆိုင်တဲ့ဘဏ်အဖြစ် တည်ထောင်ခဲ့တာဖြစ်ပါတယ်။

ဘဏ်များကို အစုရှယ်ယာအဖြစ်ဖွဲ့စည်းရာတွင် အကျိုးအမြတ်ရရှိပါက နှစ်စဉ်အမြတ်ဝေစု အဖြစ် ထုတ်ပေးပါတယ်။ သို့ရာတွင် အစုရှယ်ယာထည့်ဝင်ခြင်းသည် ဘဏ်၏ ရင်းနှီးငွေအဖြစ် ထည့်ဝင်ခြင်းဖြစ်၍ အစုရှယ်ယာများကို ပြန်အမ်းရန်တောင်းဆိုနိုင်တဲ့ အခွင့်အရေးမရှိပါဘူး။ အစုရှယ်ယာရှင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည့် အစုရှယ်ယာများကို ထုတ်ပေးခြင်း မပြုဘဲ ကန့်သတ်ထားတာဖြစ်ပါတယ်။ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းတဲ့အခါကျမှသာ ပေးရန် ရရန်တာဝန်များကို စာရင်းရှင်းလင်းပြီး ပိုလျှံငွေကို အစုရှယ်ယာအချိုးအစားအလိုက် ပြန်လည်ခွဲဝေ ပေးမှာဖြစ်ပါတယ်။ အစုရှယ်ယာပိုင်ရှင်ဟာ အစုရှယ်ယာထည့်ဝင်ထားငွေကို ပြန်လည်ရယူလိုပါက အခြားသူများသို့ လွှဲပြောင်းရောင်းချခြင်းဖြင့်သာ ပြန်လည်ရရှိနိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီ၏စွမ်းဆောင် ရည်အပေါ်မူတည်ပြီး မိမိထည့်ဝင်ထားသည့်တန်ဖိုးထက် လျော့နည်း၍ရရှိခြင်း၊ ပိုမို၍ရရှိခြင်းများ ရှိနိုင်ပါတယ်။ သို့ဖြစ်ရာ ပထမမေးခွန်းဖြစ်တဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာ အဖွဲ့များမှ နှစ်အဆက်ဆက်စုဆောင်းထားရှိသည့် အစုရှယ်ယာနှင့်အရင်းအနှီးများအား ပြန်လည် တွက်ချက်၍ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ ထိုသို့ဆောင်ရွက်ရန်ဖြစ်နိုင်ဖွယ်မရှိကြောင်း ဖြေကြားအပ်ပါတယ်။ အကယ်၍ ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်တွင် အစုဝင်အဖြစ် ထည့်ဝင်ထားတဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အစုရှယ်ယာရှင် အဖြစ် ဆက်လက်ပါဝင်လိုခြင်းမရှိပါက မိမိတို့ကိုင်ဆောင်ထားတဲ့ အစုရှယ်ယာများကို ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ(၁)အရ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းတွင် ပါရှိသည့် နည်းလမ်းများနှင့်အညီ အစုရှယ်ယာဝယ်ယူမည့်သူထံ လွှဲပြောင်းရောင်းချနိုင်ပါတယ်။ ထိုသို့လွှဲပြောင်းရောင်းချရာမှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၄၂ အရ အစုရှယ်ယာ ပိုင်ဆိုင်မှု ၁၀ ရာခိုင်နှုန်းနှင့်အထက်ဖြစ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်အား ရယူရန် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ စည်ပင်သာယာရေးအဖွဲ့ပိုင်ငွေကြေးသည် နိုင်ငံပိုင်ငွေကြေးဖြစ်သည့် အတွက် ပုဂ္ဂလိကဘဏ်နှင့် ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီ/မညီ ပြန်လည်စိစစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ထည့်ဝင်ငွေဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ဖွဲ့စည်းစဉ်က ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများအက်ဥပဒေနှင့် ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီ များ အက်ဥပဒေများဖြင့် အများနှင့်မသက်ဆိုင်သော တစ်နည်းအားဖြင့် ပုဂ္ဂလိကဘဏ်အဖြစ် ပေးရန် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုစဉ်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့များဟာ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်ခြင်းမရှိသဖြင့် စည်ပင်

သာယာရေးအဖွဲ့များ၏ ထည့်ဝင်ငွေသည် အစိုးရဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်းမဟုတ်သည်ကို တွေ့ရှိရပါတယ်။ ထို့အပြင် စတင်တည်ထောင်စဉ်က အများနှင့်မသက်ဆိုင်သောကုမ္ပဏီ ပုဂ္ဂလိက ဘဏ်အဖြစ်သာ တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်မှာ ဝန်ကြီးဌာနများပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် စည်ပင်သာယာရေးဘဏ်သည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်တွင် ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်အဖြစ် ရောက်ရှိသွားပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ယခင် စည်ပင် သာယာရေးဦးစီးဌာန၏ လက်ကျန်ဗဟိုရန်ပုံငွေမှ ထည့်ဝင်ငွေကျပ်သန်းပေါင်း ၂၄၂၅ သန်းပါရှိလာ တဲ့အတွက်ကြောင့် ၂၀၁၅ ခုနှစ်မှာ စည်ပင်သာယာရေးအဖွဲ့များ၏ ငွေစာရင်းလက်ကျန်များကို ပိတ်သိမ်း၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပြန်အပ်နှံရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အကြောင်းကြားချက်များအရ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပြန်လည် အပ်နှံခဲ့သဖြင့် လျော့ကျသွားတဲ့ ဘဏ်၏ မတည်ငွေရင်းကို ပြန်လည်ဖြည့်တင်းရန် ပုဂ္ဂလိကကုမ္ပဏီ သုံးခုသို့ အဆိုပါကျပ်သန်း ၂၄၂၅ သန်းကို ရှယ်ယာလွှဲပြောင်းရောင်းချခဲ့ပါတယ်။

၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)အရ ဘဏ်တစ်ခု၏ မတည်ငွေအရင်းကို ကျပ် ၂၀ ဘီလီယံအောက်မလျော့နည်းစေရန် ပြဋ္ဌာန်းထားပါ တယ်။ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဟာ လက်ရှိကာလမှာ မတည်ရင်းနှီးငွေကျပ် ၈.၁ ဘီလီယံသာရှိတဲ့ အတွက် မတည်ငွေတိုးမြှင့်ရန်၊ ထည့်ဝင်ရန် လိုအပ်လာပါတယ်။ သို့ဖြစ်ရာ ရှယ်ယာများထပ်မံရောင်းချ ရန် လိုအပ်လာတဲ့အတွက်ကြောင့် တကယ်လို့ ရှယ်ယာများရောင်းချရင် ရှယ်ယာရှင် ဦးရေ ၅၀ နှင့်အထက် ဖြစ်နိုင်တဲ့အခြေအနေများကြောင့် ၅၀ ထက်ကျော်သွားခဲ့လို့ရှိရင် သူက အများပိုင်ကုမ္ပဏီ လို့ သတ်မှတ်ပါတယ်။ အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက် ဆိုင်သောကုမ္ပဏီမှ အများနှင့်သက်ဆိုင်သောကုမ္ပဏီသို့ ပြောင်းလဲဆောင်ရွက်ရန် ဆောင်ရွက်ခဲ့ပါ တယ်။ ယင်းသို့ပြောင်းလဲဆောင်ရွက်ရန်အတွက် ဘဏ်၏ကုမ္ပဏီဖွဲ့စည်းတည်ထောင်ဆောင်ရွက်ခြင်း ဆိုင်ရာ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများကို ပြင်ဆင်ရမည်ဖြစ်၍ ငွေရေးကြေးရေးအဖွဲ့အစည်း များဥပဒေ ပုဒ်မ ၁၈ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရန် တင်ပြခဲ့ပါတယ်။ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က စိစစ်နေဆဲအတောအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများနှင့် အခြားလိုအပ် ချက်များကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်အကြား ဆွေးနွေးညှိနှိုင်း မှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ကျွန်တော့်ထံသို့ ၈-၉-၂၀၁၇ ရက်နေ့က လာရောက်တွေ့ဆုံခဲ့ရာ တွင် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၏ အခြေအနေများကိုတင်ပြ၍ အကြံဉာဏ်တောင်းခံခဲ့ပါတယ်။ ကျွန်တော်က သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက် ရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်တဲ့အချက်အလက်များကို အသိပေးပြောကြားခဲ့ပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိပုဂ္ဂိုလ်များက ကျေးလက်ဖွံ့ဖြိုးရေးဘဏ်တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေအရပ်ရပ်ကို တင်ပြခဲ့ပြီး ယခုကိစ္စအဆင်ပြေချောမွေ့စွာပြီးမြောက်နိုင်မည့်၊

ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို အကြံပြုရန် မေတ္တာရပ်ခံချက်အရ ကျွန်တော်မှ အများနှင့် မသက်ဆိုင်သောကုမ္ပဏီနှင့် အများနှင်သက်ဆိုင်သော ကုမ္ပဏီများအကြား ကွဲပြားခြားနားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ မည်သည့်နည်းလမ်းကိုမှ ရွေးချယ်ရန်မတိုက်တွန်းခဲ့ဘဲ အစုရှယ်ယာဝင်များတက်ရောက်သည့် နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးများသို့ အခြေအနေအရပ်ရပ်ကို တင်ပြပြီး ၎င်းတို့၏ဆုံးဖြတ်ချက်အရ ဆောင်ရွက်ရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ နောက်ပိုင်းတွင် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ အစုရှယ်ယာရှင်အများစု၏ ဆုံးဖြတ်ချက်အရ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီအဖြစ်သာ ဆက်လက်ရပ်တည်မည်ဖြစ်ကြောင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီသို့ ပြောင်းလဲရန်အတွက် ပြင်ဆင်ရေးဆွဲထားသည့် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများအပေါ် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏အတည်ပြုချက်တောင်းခံထားခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း စာဖြင့် အကြောင်းကြားခဲ့ပါတယ်။

သို့ဖြစ်ရာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသို့ပြောင်းခြင်း၊ မပြောင်းလဲခြင်းသည် သက်ဆိုင်ရာ အဖွဲ့အစည်း၊ အစုရှယ်ယာရှင်အများစု၏ အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးများတွင် ဆုံးဖြတ်ချက်အရသာ ဆောင်ရွက်နိုင်သည့်ကိစ္စရပ်ဖြစ်ပါတယ်။ အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက် ကိုရယူရာတွင် နည်းလမ်းတကျဆောင်ရွက်ခဲ့ပါက အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ပြောင်းလဲ ဆောင်ရွက်ခြင်းသည်လည်းကောင်း၊ ထိုသို့ပြောင်းလဲဆောင်ရွက်နေစဉ်ကာလအတွင်း ဆောင်ရွက်မှုကို ပြန်လည်ရုပ်သိမ်းခြင်းသည်လည်းကောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်သည်ဟု ဆိုနိုင် ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

စည်ပင်သာယာရေးပိုင်ငွေကြေးသည် ဥပဒေအရ နိုင်ငံပိုင်ငွေကြေးဖြစ်သည့်အတွက် ပုဂ္ဂလိက ဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ညီ/မညီဆိုသည့်အချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ငွေကြေးများထည့်ဝင်၍ အများနှင့်မသက်ဆိုင်သည့်ဘဏ် သို့မဟုတ် အများနှင့်သက်ဆိုင်သည့်ဘဏ်နှစ်မျိုးလုံးကို ဖွဲ့စည်း တည်ထောင်ဆောင်ရွက်နိုင်ပါတယ်။ ဆောင်ရွက်လျက်လည်းရှိကြပါတယ်။ ရန်ကုန်မြို့တော်စည်ပင် သာယာရေးဘဏ်၊ နေပြည်တော်စည်ပင်သာယာရေးဘဏ်နှင့် မန္တလေး(ရတနာပုံ)ဘဏ်တို့ဟာ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများ၏ အစုရှယ်ယာထည့်ဝင်ငွေများဖြင့် ပုဂ္ဂလိကဘဏ် တစ်နည်းအားဖြင့် အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြပါတယ်။

ထိုသို့ဆောင်ရွက်ရာမှာ နိုင်ငံတော်ပိုင်ငွေကြေးဖြစ်တဲ့အတွက် အစုရှယ်ယာဝင် နိုင်ငံတော် အဖွဲ့ အစည်းများဟာ နိုင်ငံတော်မှချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို အခြား တစ်ဖက်မှာ လိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်သည် မူလစတင် တည်ထောင်စဉ်ကတည်းက ပုဂ္ဂလိကဘဏ် သို့မဟုတ် အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ အများနှင့်သက်ဆိုင်သောဘဏ်အဖြစ် ပြောင်းလဲရန်လုပ်ငန်းစဉ်အချို့ စတင်ခဲ့ပြီး ယင်းလုပ်ငန်းစဉ်များမပြီးဆုံးမီ အများနှင့်မသက်ဆိုင်သောဘဏ်အဖြစ် ဆက်လက်ရပ်တည် ရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းသည် အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ်

အထူးအစည်းအဝေးများတွင် အများစုဆုံးဖြတ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါကြောင်း၊ အနာဂတ်တွင် အစုရှယ်ယာရှင်အများစုက သဘောတူပါက အများနှင့်သက်ဆိုင်သောဘဏ်အဖြစ် ပြောင်းလဲခြင်းကိုလည်း အချိန်မရွေးဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်တွင် အစုရှယ်ယာထည့်ဝင်ထားသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အစည်းများရဲ့ ထည့်ဝင်ငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ပေါင်းစပ်ဖြေကြားချက်များအရ ကယားပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်က ယခင်က စည်ပင်သာယာရေးအဖွဲ့များ၏ရန်ပုံငွေမှ နှစ်စဉ်အစုရှယ်ယာများစုပေါင်းထည့်ဝင်ခြင်း၊ နှစ်စဉ်စုဆောင်းငွေများဖြင့် စည်ပင်သာယာရေးဘဏ်ဖြင့် စတင်တည်ထောင်ဖွဲ့လှစ်ခဲ့ခြင်းဖြစ်ခြင်းကြောင့် အများပိုင်ဘဏ်အဖြစ် အသုံးပြုရန်မသင့်ကြောင်း၊ ကချင်ပြည်နယ်အစိုးရ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့။၏

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တော့ ဒီမေးခွန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဒီမေးခွန်းနှစ်ချက်ကို ဖြေပြီးရင် လုံလောက်ပါပြီ။ နိဂုံးချုပ်ပေးပါ။ ကျွန်တော်တို့ ငါးမိနစ်နှစ်ကြိမ်လည်းပေးပြီးပါပြီ။ ပြည်နယ်/တိုင်း ၁၄ ခုရဲ့ တစ်ခုချင်းက ဘယ်လိုသဘောထားပြောတယ်ဆိုတာထက်စာရင် အခုနက တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးလွှမ်းခြုံပြီးတော့ မူသဘောကိုပြောပြီးပြီးဆိုရင် ရှင်းပါတယ်။ အဲဒီမှာ ကျွန်တော်တို့နိဂုံးချုပ်ပေးပါ။

**ဦးစိုးသိန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ဒါကြောင့်မို့လို့ ဒီမှာခြုံပြောလိုက်လို့ရှိရင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုထဲမှာလည်း အများစုကတော့ သဘောတူတယ်ဆိုတဲ့ သဘောတွေ့ရပါတယ်။ ဒီ ပဲခူးတိုင်းဒေသကြီးကတော့ အခုလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း နည်းနည်းလေး ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အဆင်မပြေတာရှိပါတယ်။ အဓိကကတော့ အများပိုင်ဘဏ်ကနေ အများပိုင်ဘဏ်မဟုတ်တာကို ပြောင်းလဲတာမဟုတ်ပါဘူး။ အများပိုင်မဟုတ်သောဘဏ်မှ အများပိုင်ဖြစ်သောဘဏ်ကို ပြောင်းလဲစဉ်မှာ ဒီလုပ်ငန်းစဉ်ကို ဆက်မဆောင်ရွက်ဘဲ With Draw လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါက ရှယ်ယာရှင်များရဲ့ ဆုံးဖြတ်ချက်သာလျှင် အဓိကဖြစ်ပါတယ်။ ရှယ်ယာရှင်များက နောက်တစ်နည်းဆုံးဖြတ်ရင်လည်း နောင်တစ်ချိန်မှာ ပြန်ပြီးတော့ လုပ်လို့ရပါတယ်ဆိုတဲ့အကြောင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည့်စုံပါတယ်။ မိုက်ပေးပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းက တစ်ဆက်တစ်စပ်တည်းကိုပဲ မေးပါ။ ခုနက ပြည့်ပြည့်စုံစုံတော်တော်လေးဖြေပြီးသွားပါပြီ။ ငါးမိနစ်နှစ်ကြိမ်ကျော်သွားပါတယ်။ အဲဒီတော့ တစ်ဆက်တစ်စပ်တည်းရှိတဲ့ ကွဲလွဲတာကိုပဲ မေးပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ကျေးဇူးတင်ပါတယ်။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ဒုတိယဥက္ကဋ္ဌကြီးကို။ ကျေးဇူးပြုပြီးတော့ Power Point သုံးခွင့်ပြုပါ။ အဲဒီကုမ္ပဏီတွေဟာ ပြည်ထောင်စုဝန်ကြီးဟောင်းရဲ့ ဆက်စပ်တဲ့၊ သူနဲ့နီးစပ်တဲ့ကုမ္ပဏီတွေကို ဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ ဒီငွေတွေကလည်း ပထမ ပြည်ထောင်စုကို ပြန်သွင်းရမယ်ဆိုတဲ့ငွေတွေဟာ စည်ပင်သာယာရေးအဖွဲ့ကပဲ စုဆောင်းခဲ့တဲ့ ၂၄၂၅.၅ သန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကိုကြည့်လို့ရှိရင် နိုင်ငံတော်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာထည့်သွင်းထားတာလို့ ညွှန်ကြားထားတာဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ အဲဒါကြောင့်မို့လို့ ဒါဟာ နိုင်ငံတော်ပိုင်ငွေကြေးလို့ပြောရင်လည်းရတယ်။ ပြည်သူပိုင်ငွေကြေးလို့ ပြောရင်လည်းရပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ စာရင်းတွေက ရှုပ်ထွေးမှုတွေ၊ အငြင်းပွားမှုတွေအများကြီးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကပြီးတော့ စစ်ဆေးပေးလို့ရမလား။ ဒါမှမဟုတ်ရင် ဒီစာရင်းတွေနဲ့ပတ်သက်လို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ စိစစ်ပြီးတော့ ရှင်းလင်းပေးလို့ရမလားဆိုတာလေး ဆက်ပြီးတော့ မေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ တိုတိုနှင့်လိုရင်းပဲဖြေပါ။

**ဦးစိုးသိန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ဒီနေရာမှာ ကျွန်တော်တို့ဗဟိုဘဏ်အနေနဲ့ ဖြေကြားမှုဟာ ဒီဥပဒေတွေနဲ့ဆက်စပ်ပြီးတော့ ဗဟိုဘဏ်ကို တင်ပြလာတဲ့ကိစ္စတွေအပေါ်မှာ ဖြေရှင်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ရဲ့ကိုယ်စားဖြေကြားတာမဟုတ်ပါဘူး။ ကျွန်တော်တို့ဆီမှာ ရောက်လာတဲ့ဥစ္စာကို အခြေအနေတွေအားလုံးကို သုံးသပ်ပြီးဖြေကြားတာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ခုနက ကျွန်တော်ပြောတဲ့အထဲမှာ နည်းလမ်းတကျဆောင်ရွက်ခဲ့ရင်ဆိုတဲ့စကားဟာ အင်မတန်အဓိပ္ပာယ်ရှိတဲ့စကားဖြစ်ပါတယ်။ နည်းလမ်းတကျဆောင်ရွက်ပြီးတော့ တက်လာတယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။ နည်းလမ်းတကျ မဆောင်ရွက်ခဲ့လို့ရှိရင် ဒီနှစ်ပတ်လည်အစည်းအဝေးမှာ ရှယ်ယာရှင်တွေအနေနဲ့ အဲဒီမှာပဲကန့်ကွက်ပြီးတော့ အဲဒီမှာပဲ ရှင်းကြရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့ကတော့ ဒီလိုကိစ္စမျိုး ရှယ်ယာရှင်တွေက တင်ပြချက်မျိုးမရှိဘဲနဲ့ အားလုံးစုပေါင်းဆုံးဖြတ်တဲ့တင်ပြချက်မရှိဘဲနဲ့ တစ်စုံတစ်ရာပြုလုပ်ဖို့ခက်ပါတယ်။ မြန်မာနိုင်ငံတော် စာရင်းစစ်နဲ့ပတ်သက်တဲ့ကိစ္စကတော့ စာရင်းစစ်ရုံးက အဆင်ပြေတဲ့အခါမှာ ဖြေကြားဖို့၊ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ဒီနေရာမှာ တစ်ဆက်တည်း ကျွန်တော်တို့ကိုယ်စားလှယ်တွေအားလုံးကို ပြောကြားလိုပါတယ်။ ဘာလဲဆိုတော့ ဆက်စပ်မေးခွန်းဆိုတာဟာ ကိုယ်မေးတဲ့မေးခွန်းပေါ်မှာ ဝန်ကြီးဌာနက လာဖြေတယ်။ ဖြေတဲ့အပေါ်မှာ ကိုယ်လိုချင်တဲ့အဖြေမရောက်ဘူး ကွဲလွဲတယ်။ ကွဲလွဲပြီးဖြေတယ်။ အဲဒါမျိုးကို ဆက်စပ်ပြီးတော့ ဒါမှမဟုတ်လို့ရှိရင်လည်း ဝန်ကြီးဌာနက ဖြေတဲ့အခါမှာ ကျန်ခဲ့တယ်။ မကွဲလွဲဘူး။ ကျန်ခဲ့တယ်။ တချို့ကျတော့လည်း ရှောင်ပြီးတော့၊ လုံးပြီးတော့၊

ရှောင်ပြီးဖြေသွားမယ်။ အဲဒါမျိုးကို တစ်ဆက်တစ်စပ်တည်း ပြန်မေးဖို့ ဆက်စပ်မေးဖို့ဆိုတာ သဘော တရားပါ။ အဲဒါကို ကျွန်တော်တို့ သဲကွဲဖို့လိုတယ်။ အခု ဒီနောက်ပိုင်းမှာ ဘာတချို့တွေ့ရလဲဆိုရင် တချို့ ကိုယ်စားလှယ်များက တစ်ခါတည်းဆွေးနွေးလိုက်ရမယ့်ဟာကို အခုနကလို Power Point ထိုးပြီးတော့ တစ်ခါတည်းဆွေးနွေးလိုက်ရမယ့်ဟာကို မဆွေးနွေးဘူး။ တစ်ခါတည်းဆွေးနွေးလိုက်လို့ ရှိရင် ဝန်ကြီးဌာနက ပြည်ထောင်စုအဆင့်ဌာနက တစ်ခါတည်းဖြေသွားလိမ့်မယ်။ မဆွေးနွေးဘူး။ တစ်ကွက်ချန်ထားတယ်။ ပြီးတော့မှ ဒါကို ဆက်စပ်မေးခွန်းဆိုပြီးမေးတယ်။ အဲဒါဆက်စပ်မေးခွန်း လုံးဝ မဟုတ်ပါဘူး။ အစကတည်းက ဆွေးနွေးစရာရှိရင် ကိုယ့်မေးခွန်းထဲမှာ တစ်ခါထဲဆွေးနွေးသွား။ ဝန်ကြီးဌာနပဲဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကဖြစ်စေ တစ်ခါတည်း အဲဒီမှာဖြေသွားလိမ့် မယ်။ ဖြေသွားတဲ့အခါမှာ ခုနကလို ကျော်ပြီးဖြေသွားတာ၊ မဖြေချင်လို့ ရှောင်ပြီးဖြေသွားတာပဲဖြစ်ဖြစ်၊ ကိုယ်လိုချင်တဲ့အဖြေမရ တာပဲဖြစ်ဖြစ်၊ ကွဲလွဲပြီးဖြေတာပဲဖြစ်ဖြစ် အဲဒါမျိုးဆို ဆက်စပ်မေးခွန်းမေးပါ။ နောက်မှ ခုနလို ကိုယ်မေးချင်တာတစ်ခုကို Power Point ထိုးပြီးတော့ ပြန်မေးတယ်ဆိုတာဟာ ဆက်စပ်မေးခွန်း မဟုတ်ပါဘူး။ ဒါကို ကျွန်တော်တို့ကိုယ်စားလှယ်များ အထူးဂရုစိုက်ပေးပါ။

**လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ဥပဒေပါ ပြဋ္ဌာန်းချက်ပါ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်း၌ပါရှိပြီး မဲစာရင်းကောက်ယူခြင်းများကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၉)အရ ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူတွေကနေပြီးတော့ ရွေးချယ် တင်မြှောက်ခဲ့တာဟာ ကျွန်တော်တို့ ယနေ့အထိဆိုရင် ကြားဖြတ်ရွေးကောက်ပွဲအပါအဝင် လေးကြိမ် ရှိပြီဖြစ်ပါတယ်။ အဲဒီလို လေးကြိမ်စလုံးမှာ ကျွန်တော်တို့အဓိကတွေ့ရတဲ့အချက်တွေဟာ မဲစာရင်းတွေ မှားတယ်။ သေတဲ့လူကမဲစာရင်းထဲမှာပါလာပြီးတော့ အိမ်မှာငုတ်တုတ်ကျန်တဲ့လူက မဲစာရင်းမှာမပါ ဘူး။ တချို့ဆိုလို့ရှိရင် တစ်အိမ်လုံးပျောက်နေတယ်။ ရွေးကောက်ပွဲနေ့မှာ ၁၈ နှစ်ပြည့်တဲ့ကလေးတွေ ကိုလုံးဝထည့်ထားတာမရှိဘူးဆိုတော့ အဲဒီဟာတွေက ကျွန်တော်တို့ ရွေးကောက်ပွဲလေးကြိမ်ကာလလုံး က တချို့နေရာတွေမှာ တော်တော်များများကို တွေ့ရတာဖြစ်ပါတယ်။ ဒီလိုဖြစ်ခြင်းနဲ့ပတ်သက်လို့ ဘာဖြစ်လို့ဒီလိုဖြစ်သလဲဆိုတာကို ကျွန်တော်တို့ကြည့်တဲ့အခါမှာ အချက်(၂)ချက်တွေ့ပါတယ်။ ပထမ အချက်ကတော့ ကျွန်တော်တို့ မဲစာရင်းကောက်တဲ့ အခက်အခဲပဲဖြစ်ပါတယ်။ မဲစာရင်းကောက်တဲ့ နေရာမှာ၊ မဲစာရင်းတွေကိုယူတဲ့အခါမှာ ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်/ကျေး စာရေးတွေကို ကောက်ခိုင်းပါတယ်။ ကျေးရွာကော်မရှင်တွေကို ဝိုင်းဝန်းပူးပေါင်းပြီးတော့ အမှန်တရား ရရေးအတွက် ဆောင်ရွက်ခိုင်းသော်လည်းပဲ ကျေးရွာကော်မရှင်တွေက တော်တော်များများဟာ ရပ်ကွက်ကျေးရွာ အထွေထွေအုပ်ချုပ်ရေးဦးစီးစာရေးတွေကိုပဲ ခိုင်းတဲ့အခါကျတော့ တချို့ကတော့ စေတနာပါပါနဲ့လုပ်ပေမဲ့လို့ တချို့ကတော့ သူတို့အလုပ်မဟုတ်ဘူးဆိုတဲ့သဘောထားပြီးတော့

ဖြစ်သလို ကောက်လာတာကို သွားတွေ့ရတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ရွေးကောက်ပွဲနီးမှ မဲစာရင်းတွေကိုကောက်ပြီးတော့ ယခင်မဲစာရင်းအဟောင်းအတိုင်း လာပြီးတော့လုပ်တဲ့အခါမှာ ပြုပြင်ခြင်းမရှိတဲ့အခါကျတော့ ဒီဟာတွေ ခုနကမှားယွင်းတဲ့အချက်တွေကို သွားတွေ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်လို့ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ယခင်တုန်းက ကော်မရှင်လုပ်ငန်းတွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူပြီးတော့လုပ်ပါတယ်။ အခုနောက်ပိုင်းကျတော့လည်းပဲ ကော်မရှင်ကနေပြီးတော့ မြို့နယ်မှာ ကော်မရှင်ရုံးတွေဖွင့်ပြီးတော့ ဦးစီးဌာန ဦးစီးအရာရှိတစ်ယောက်နဲ့ ဝန်ထမ်းနှစ်ယောက်၊ သုံးယောက်ထားပါတယ်။ အဲဒီတော့ ဒီအခက်အခဲတွေကို သူတို့ဘာသူတို့ပြင်နိုင် ဆင်နိုင်တဲ့အခြေအနေသွားမတွေ့ရတာဖြစ်ပါတယ်။ ကောက်ပြီးတဲ့မဲစာရင်းကို ပြန်လည်ပြီးတော့ ပြင်ဆင်ပြီး ကောင်းတဲ့အခြေအနေကိုဖန်တီးနိုင်တဲ့လူအင်အားကလည်းမရှိဘူး။ အဲဒီလိုမရှိသလို ရွေးကောက်ပွဲနီးလာတဲ့အခါမှာလည်း မဲစာရင်းတွေကပ်တဲ့အခါမှာ တချို့ရွာကြီးတွေကရှည်ပါတယ်။ ရပ်ကွက်ကြီးလည်းရှည်တယ်။ တစ်နေရာထဲမှာထားတယ်။ လူတွေကလည်း သူ့အလုပ်သူလုပ်ဆိုတော့ သွားရောက်မကြည့်ဘူး။ သွားကြည့်တဲ့နေ့ကျမှပဲ တစ်ခါ မဲစာရင်းမှာမပါဘူး။ တချို့သွားကြည့်တဲ့ လူတွေကလည်းပဲ လူတွေကကျပ်တဲ့အခါကျတော့၊ မကြည့်ဘဲနဲ့ပြန်လာကြတဲ့အခါကျတော့ ဒီအခက်အခဲတွေ အများကြီးတွေ့ရတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ဟာ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံကို ထူထောင်နေတဲ့အချိန်ဖြစ်ပါတယ်။ အခြေခံကျတဲ့လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးတဲ့နေရာမှာ ဒီဟာတော်တော်လည်း အဓိကကျတဲ့အချက်ပဲဖြစ်ပါတယ်။ ဒီလိုပဲမှားယွင်းနေတယ်ဆိုရင်တော့ ဒီမိုကရေစီရဲ့ပုံရိပ်ကို များစွာသွားထိခိုက်လာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးလိုတာကတော့ မဲပေးပိုင်ခွင့်ရှိတဲ့လူတွေ မဲပေးခွင့်ရရေးအတွက် ကော်မရှင်အနေနဲ့မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲဆိုတာနဲ့ပတ်သက်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် လေးစားစွာမေးခွန်းမေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ လေးလည်းလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ လွှတ်တော်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်ပါ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်း၌ပါရှိပြီး မဲစာရင်းကောက်ယူရာတွင် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကျွန်တော် ဦးစိုးရယ်က ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၃၉၉ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၁၈ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်အရ

လည်းကောင်း မဲဆန္ဒရှင်များ မဲစာရင်းကို ပြုစုရန်နှင့်ပြင်ဆင်ရန်တာဝန်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုမဲစာရင်းပြုစုရာမှာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများဟာ သတ်မှတ်ထားတဲ့အတိုင်း မဲစာရင်းများကို ပြုစုရပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅ အရ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်ဟာ မဲစာရင်းပြုစုတဲ့နေရာမှာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကလည်းကောင်း ပြုစုထားတဲ့မဲစာရင်းကို ရယူအခြေခံပြီးတော့ ပြုစုရခြင်းပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ယခင်ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများရဲ့ အတွေ့အကြုံကိုအခြေခံပြီးတော့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည့်စုံမှန်ကန်တဲ့မဲစာရင်း ရရှိရေးအတွက် လစ်လပ်တဲ့မဲဆန္ဒနယ်နဲ့ အကျုံးဝင်သောမြို့နယ်များ၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ မဲစာရင်းကိုအခြေခံပြီးတော့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး နောက်ဆုံးအခြေအနေနှင့်ကိုက်ညီတဲ့ မဲစာရင်းပြုစုခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ကောက်ယူရရှိတဲ့မဲစာရင်းကိုလည်း ရပ်ကွက် သို့မဟုတ် ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၊ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတိုင်းမှာ မဲစာရင်းများကပ်ထားကြေညာနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်မှာ မဲဆန္ဒရှင်များက မဲဆန္ဒရှင်စာရင်းကို ကြည့်ရှုစစ်ဆေးပြီး မိမိအမည်မပါရှိပါက ပုံစံ(၃) ဖြင့် မဲဆန္ဒရှင်စာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲပေးပိုင်ခွင့်မရှိသူများပါနေလျှင် ပုံစံ(၄)ဖြင့် မဲဆန္ဒရှင်စာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ခြင်း၊ အချက်အလက်များမှားယွင်းနေလျှင် ပုံစံ (၄-ဂ)ဖြင့် မဲဆန္ဒရှင်စာရင်းနှင့်စပ်လျဉ်း၍ ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်များက မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုပြီး တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှလည်းကောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း ပညာပေးစည်းရုံးလှုံ့ဆော်မှုများကိုလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်ကျင်းပမယ့်ရွေးကောက်ပွဲများတွင်လည်း မဲဆန္ဒရှင်စာရင်းကောက်ယူရာ၌ မှန်ကန်ပြည့်စုံသောမဲဆန္ဒရှင်စာရင်းရရှိရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုချက်နှင့်အညီ ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားစီမံဆောင်ရွက်လျက်ရှိပါတယ်။ ယင်းကဲ့သို့လျာထားစီမံချက်အရ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့က ကြီးကြပ်ကွပ်ကဲမှုဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဆက်စပ်ပတ်သက်လျက်ရှိသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများရှိ လူဦးရေစာရင်းကိုအခြေခံ၍ ပြုစုသွားမည်ဖြစ်ပါတယ်။ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရန်

အတွက် သေဆုံးသွားသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ ပြောင်းရွှေ့သွားသူများနှင့် ပြောင်းရွှေ့ရောက်ရှိလာသူများအတွက် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပူးပေါင်းဆောင်ရွက်၍ မဲဆန္ဒရှင်စာရင်းကို ကောက်ယူသွားမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်မှာလည်း နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်ပြိုင်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်ဆိုပါက ပိုမိုပြည့်စုံသောမဲဆန္ဒရှင်စာရင်းရရှိမှာဖြစ်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲဆန္ဒရှင်စာရင်းထဲပါရှိပြီးတော့ မဲပေးနိုင်မှာဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲအတွက် အင်မတန်မှ အဓိကကျပါတယ်။ ဒါကြောင့်မို့လို့ မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားအခွင့်အရေးတွေ၊ နိုင်ငံသားတွေ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးရအောင်၊ တရားမျှတမှုရှိအောင်၊ မဲမသမာမှုတွေမဖြစ်အောင် မဲစာရင်းကောက်ယူတာကတော့ တိကျမှန်ကန်ဖို့တော့ အထူးလိုအပ်ပါတယ်။ အခုမေးတဲ့မေးခွန်းရဲ့အဓိကအချက်က မဲစာရင်းကောက်ယူခြင်းကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကို ကျွန်တော်တို့အနေနဲ့က လွှတ်တော်ထဲမှာ အဓိကထားပြီးတော့ ဦးစားပေးပြီး ပိုပြီးဖြေစေချင်ပါတယ်။ အခုနကတော့ မဲစာရင်းကပ်ပြီးမှ မပါတာတွေ၊ ကျန်သွားတာတွေ၊ အဲဒါတွေကို ကိုယ်စားလှယ်တွေဖြည့်ပိုင်ခွင့်၊ ပြင်ပိုင်ခွင့်၊ ကန့်ကွက်ပိုင်ခွင့်ရှိတာတွေက ဒါကတော့ ဥပဒေ၊ နည်းဥပဒေထဲမှာပါပြီးသားပါ။ ဒါကတော့ ဒါကိုဦးစားပေးဖြေသွားတာများပါတယ်။ မေးခွန်းရှင်ကမေးတာက မဲစာရင်းကောက်ယူရင်မည်သို့စီစဉ်ဆောင်ရွက်မည်နည်း။ ဘယ်လိုကောက်မလဲ။ ဘယ်စနစ်နဲ့ကောက်မလဲ။ ဒါမျိုးကိုမေးတာပါ။ ဒါကြောင့်မို့လို့ ဒီမှာတော့ ဒီအဖြေပါမသွားပေမဲ့ နိုင်ငံသားတွေရဲ့မဲပေးပိုင်ခွင့်ရှိတဲ့နိုင်ငံသားတွေ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးရအောင်တော့ မဲစာရင်းတိကျမှန်ကန်အောင်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ အထူးဂရုစိုက်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တို့ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ငါန်းဇွန်မြို့နယ်၊ အ.ထ.က မြို့သာတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၌ ကျောင်းဆောင်တစ်ဆောင်ဆောက်လုပ်ပေးခဲ့ပါသော်လည်း ကျောင်းသားအင်အားအရ ထပ်မံလိုအပ်နေသော ကျောင်းဆောင်နှင့်သိပ္ပံခန်း၊ စာကြည့်တိုက်တို့ပါ ချထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ငါန်းဇွန်မြို့နယ်၊ အ.ထ.က မြို့သာမှာ လိုအပ်နေတဲ့ ကျောင်းဆောင်နှင့်သိပ္ပံခန်း၊ စာကြည့်တိုက်တို့ကို ချထားပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ၂၀၁၆-၂၀၁၇

ခုနှစ်က ကြယ်ပွင့်မပြအဖြစ် ပေ ၁၂၀ x ၃၀ ပေ RC နှစ်ထပ်တင်ခဲ့တဲ့နေရာမှာ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဆောက်လုပ်ပေးမယ်လို့ကတိကဝတ်ရရှိခဲ့ပြီးတော့ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ တောင်းထားတဲ့ RC ၁၂၀ x ၃၀ ပေ နှစ်ထပ်မဟုတ်ဘဲနဲ့ တစ်ထပ်ဆောင်တစ်ဆောင် ပြီးခဲ့တဲ့နှစ်က ချပေးပါတယ်။ တောင်းခံရတဲ့ အ.ထ.က မြို့သာရဲ့အခြေအနေလေးကိုလည်း အနည်းငယ်တင်ပြလိုပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့စီမံခန့်ခွဲမှုနဲ့ မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်း တည်ဆောက်နေတဲ့မြို့လည်းဖြစ်ပါတယ်။ စည်ပင်သာယာမြို့လည်း ဖြစ်သလို မြို့စီမံကိန်းလည်း စတင်ရေးဆွဲနေပြီဖြစ်ပါတယ်။ အဲဒီမှာကျွန်တော်တို့ ကျောင်းသားစာရင်းကို တင်ပြလိုပါတယ်။ မူလတန်းအဆင့်မှာတော့ ကျောင်းသားဦးရေ ၃၀ ကျော်ကနေ ၅၀ ကျော်အထိ၊ KG တန်းကနေ စတုတ္ထတန်းအထိ အဆင်တပြေရှိပေမဲ့ ကျွန်တော်တို့ကျောင်းကို သွားရောက်ကြည့်ရှုတဲ့အခါမှာ (၅)တန်းမှာ တန်းခွဲသုံးခု ရှိပါတယ်။ ကျောင်းသားပေါင်း ၁၈၈ ယောက်ရှိတဲ့အတွက် တစ်ခန်းကို ၆၂ ယောက်နှုန်းလောက် သင်နေရတာဖြစ်ပါတယ်။ (၆)တန်းမှာတော့ တန်းခွဲသုံးခုပါ။ ကျောင်းသား ၂၀၅ ဦးရှိပါတယ်။ ၆၈ ယောက်နှုန်းလောက်သင်နေရတာဖြစ်ပါတယ်။ (၇)တန်းမှာတော့ ကျောင်းသား ၂၀၂ ဦးပါ။ တန်းခွဲသုံးခုရှိပါတယ်။ ၆၇ ယောက်နှုန်းလောက် သင်နေရပါတယ်။ (၈)တန်းမှာတော့ တန်းခွဲလေးခု ၂၉၃ ယောက်ရှိပါတယ်။ ၇၃ ယောက်နှုန်းလောက် သင်နေရပါတယ်။ နောက် (၉)တန်းမှာတော့ ကျောင်းသားကျောင်းသူ ၄၄၅ ဦး တန်းခွဲငါးခုပဲရှိတဲ့အတွက် တစ်ခန်းကို ကျောင်းသားကျောင်းသူ ၈၉ ဦးလောက် သင်နေရတာဖြစ်ပြီးတော့ (၁၀)တန်းမှာတော့ ကျောင်းသား ၃၁၉ ဦး တန်းခွဲငါးခုနဲ့ ကျောင်းသားကျောင်းသူ ၆၃ ယောက်၊ ၆၄ ယောက်လောက်သင်နေရတာဖြစ်တဲ့အတွက် ကျွန်တော်တို့သွားကြည့်တဲ့အခါမှာ စာသင်ခန်းတွေဟာ ကျောင်းသားကျောင်းသူတွေနဲ့ သိပ်ကိုပြည့်ကြပ်လွန်းအားကြီးတဲ့အတွက် ကျွန်တော်တို့ ဒီနှစ်အတွက် ကျောင်းဆောင်ထပ်တောင်းရခြင်းဖြစ်ပါတယ်။ တစ်ပါတည်း ကျွန်တော်တို့ မေးလိုတာကတော့ လူထုတွေ့ဆုံပွဲများနဲ့ ပညာရေးဌာနဝန်ထမ်းများတွေ့ဆုံတဲ့အခါမှာ အထက်တန်းအဆင့်ကို ၁၈ စတုရန်းပေ၊ အလယ်တန်းနဲ့မူလတန်းကို ၁၂ စတုရန်းပေ တွက်ချက်တယ်လို့ ကျွန်တော်မှတ်သားဖူးပါတယ်။ အဲဒီအတိုင်းကို ရုံးအဆောက်အဦများအပါအဝင် ကျောင်းတွင်းအသုံးအဆောင်များနဲ့တစ်ပါတည်းတွက်ချက်သလား။ ဒါမှမဟုတ်ရင် လက်ရှိဧရိယာကိုပါပေါင်းပြီးတွက်တယ်ဆိုတာကိုလည်း တွေ့ဆုံပွဲများနဲ့ပညာရေးဝန်ထမ်းများနဲ့တွေ့ဆုံတဲ့အခါ ရှင်းပြချင်တဲ့အတွက် အဲဒါလေးပါ ထည့်သွင်းဖြေကြားပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့အတွက် လေးစားစွာတင်ပြပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့ အ.ထ.က မြို့သာမှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးခဲ့ ပါသော်လည်းပဲ ကျောင်းသားအင်အားအရ ထပ်မံလိုအပ်နေတဲ့ ကျောင်းဆောင်နဲ့ သိပ္ပံခန်း၊ စာကြည့်တိုက်၊ ပြီးတော့ ကျောင်းသားစာသင်ခန်း၊ အချို့ကျောင်းသားတွေရဲ့ စာသင်ခန်းထဲမှာ ဘယ်လောက် Square Feet နဲ့ ချထားပေးနိုင်တယ်ဆိုတာလေးရှိ/မရှိနှင့်မေးခွန်းအပေါ်မှာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီငါန်းဇွန်မြို့နယ်၊ မြို့သာအခြေခံပညာအထက်တန်းကျောင်းမှာ ပင်မဆောင်၊ ဒုဋ္ဌဝတီဆောင်၊ ချင်းတွင်းဆောင်၊ ဧရာနဒီဆောင်၊ မလိခဆောင်၊ ရွှေကံကူဆောင်နဲ့ သလ္လာနဒီဆောင်က ဆောက်လုပ်ဆဲ ဖြစ်ပါတယ်။ စုစုပေါင်းကျောင်းဆောင် ရှစ်ဆောင်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီစာသင်ဆောင်တွေက ၁၈၀ ပေ x ၂၄ ပေ အုတ်ညှပ်နှစ်ထပ်ဆောင် ဖြစ်ပါတယ်။ ဒါကတော့ ဒုဋ္ဌဝတီဆောင် ၁၂၀ ပေ x ၃၀ ပေ RC တစ်ထပ်ဆောင်ဖြစ်ပါတယ်။ ဒါကတော့ ချင်းတွင်း ၁၂၀ ပေ x ၃၀ ပေ RC တစ်ထပ်ဆောင် ဖြစ်ပါတယ်။ ဧရာနဒီဆောင် ၁၀၀ ပေ x ၃၀ ပေ အုတ်ညှပ်တစ်ထပ်ဆောင် ဖြစ်ပါတယ်။ မလိခဆောင် အုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပါတယ်။ ရွှေကံကူဆောင် ၁၂၀ ပေ x ၃၀ ပေ RC တစ်ထပ်ဆောင် ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဆောက်လုပ်ဆဲ သလ္လာနဒီဆောင် ၉၀ ပေ x ၃၀ ပေ Steel Structure နဲ့တစ်ထပ်ဆောင်ဖြစ်ပါတယ်။ ဒါကတော့ သိပ္ပံဆောင်ဖြစ်ပါတယ်။ မြို့သာ အခြေခံပညာအထက်တန်း ကျောင်းမှာ ကျောင်းသားကျောင်းသူစုစုပေါင်း ၁၈၈၃ ဦးရှိတဲ့အတွက် ကျောင်းသားကျောင်းသူဦးရေ ၂၀၀၀ ခန့်ရှိပြီးတော့မှ နှစ်စဉ်လည်းပဲ ကျောင်းသားကျောင်းသူဦးရေသည် ခုနတုန်းက လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပဲ ကျောင်းသားကျောင်းသူဦးရေဟာလည်း တိုးတက်များပြားသလို ကျောင်းသားစာသင်ခန်းအချိုးကလည်း အင်မတန်များပြားနေတာကို ကျွန်တော်တို့စိစစ်တွေ့ရှိရပါ တယ်။

အဲဒါအပြင် လိုအပ်နေတဲ့ သိပ္ပံခန်းတွေ၊ စာကြည့်တိုက်တွေလည်းပဲ လိုအပ်နေတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျောင်းသားကျောင်းသူဦးရေလည်းပဲ အလယ်တန်းဆိုလို့ရှိရင် ၁၂ စတုရန်းပေ ဖြစ်ပါတယ်။ အထက်တန်းဆိုလို့ရှိရင်တော့ ၁၈ စတုရန်းပေနဲ့ တွက်ချက်ပြီးတော့မှ စာသင်ခန်းတစ်ခန်း ကိုတော့ ကျောင်းသား၊ စာသင်ခန်း အချိုးကိုတော့ ကျွန်တော်တို့ ၄၀ ဦးကို စာသင်ခန်းတစ်ခန်းနှုန်းနဲ့ တွက်ချက်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကြည့်လိုက်မယ်ဆိုလို့ရှိရင်တော့ မြို့သာ အခြေခံပညာအထက်တန်းကျောင်းမှာ စာသင်ဆောင် ထပ်မံလိုအပ်နေတယ်ဆိုတာကို စိစစ်တွေ့ရှိရတဲ့ အတွက် ကျွန်တော်တို့မြို့နယ်ဦးစားပေးအစီအစဉ်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားချက်စာရင်းမှာတော့ အုတ်ညှပ်နှစ်ထပ်စာသင်ဆောင်ကိုတော့ လျာထားပြီးတော့မှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**လွိုင်လင်မြို့နယ်၊ မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မိုင်းပွန်စာစစ်ဌာနတစ်ခု ဖွင့်လှစ်ခွင့်ပြုပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်ဒေသရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန်အတွက် မိုင်းပွန်ဒေသမှ မိုင် ၂၀ အကွာအဝေးတွင်ရှိသည့် လွိုင်လင်စာစစ်ဌာနသို့ သွားရောက်ဖြေဆိုရာတွင် သွားရေးလာရေး၊ တည်းခိုနေထိုင်ရေး၊ ချက်ပြုတ်စားသောက်ရေးအစရှိသည့် အခက်အခဲအမျိုးမျိုးကို ကြုံတွေ့နေရပါကြောင်း မဲဆန္ဒရှင် မိဘပြည်သူများက တင်ပြလာပါတယ်။ မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းစာဖြေဌာနတစ်ခု ဖွင့်လှစ်ပေးနိုင်ပါရန် သက်ဆိုင်ရာကို တင်ပြပေးပါရန် တင်ပြလာပါသဖြင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မိုင်းပွန်စာစစ်ဌာနတစ်ခု ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်ပညာသင်နှစ်တွင် ဖွင့်လှစ်ခွင့်ပြုပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပြန်လည်တင်ပြအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်း ဖြစ်ပါတယ်။ မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းမှာ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းမှာတက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူနဲ့ ပြင်ပဖြေကျောင်းသားကျောင်းသူ ၂၀ ဦးအပါအဝင် စုစုပေါင်း ၁၁၃ ဦး တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်

ဖြေဆိုကြမယ်ဆိုတာကို စိစစ်တွေ့ရှိရပါတယ်။ မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းမှာ စာမေးပွဲမေးခွန်းနှင့် အဖြေလွှာစာအုပ်များ လုံခြုံစွာထားရှိရန်အတွက် အမြဲတမ်းရဲစခန်းရှိတာကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အခြေခံပညာမှာ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာန ဖွင့်လှစ်နိုင်ဖို့လို့အတွက်ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက စိစစ်တဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာကလည်းပဲ ထောက်ခံတယ်။ အမြဲတမ်းရဲစခန်းလည်းပဲ ရှိတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ရန်အတွက် ခွင့်ပြုပေးထားပြီးတော့ ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အစိုးရသစ်လက်ထက်အတွင်း မြေလတ်ပိုင်းဒေသတွင် ပညာရေးတက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန ကို မေးမြန်းလိုတာကတော့ အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာဆရာမ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရသစ်လက်ထက်မှာ ပညာရေးတက္ကသိုလ်တစ်ခု မြေလတ်ဒေသ မြန်မာပြည်အလယ်ပိုင်းမှာ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါ တယ်။ ဒီမေးခွန်းမေးမြန်းရခြင်းအကြောင်းအရင်းကို ဖော်ပြပါမယ်။ ထို့အတူပဲ ကျွန်တော်မေးမြန်းရ သော ကျောင်းဆရာလိုအပ်ချက်ဆိုတာ အထက်တန်းပြဆရာဆရာမလိုအပ်ချက်ဖြစ်ကြောင်းကို အထူး တင်ပြချင်ပါတယ်။ အထက်တန်းပြဆရာ(B.Ed)ဘွဲ့ရတွေကို မွေးထုတ်နိုင်သော တက္ကသိုလ်ဟာ ပညာရေးတက္ကသိုလ်ပါ။ အခုမြန်မာနိုင်ငံမှာ ပညာရေးတက္ကသိုလ် နှစ်ခုပဲ ရှိပါတယ်။ အထက်မြန်မာ ပြည်မှာ စစ်ကိုင်းပညာရေးတက္ကသိုလ်နဲ့ အောက်မြန်မာပြည်မှာ ရန်ကုန်ပညာရေးတက္ကသိုလ်တို့ပဲ ရှိပါ တယ်။ မြန်မာပြည်အလယ်ပိုင်း မြေလတ်ဒေသမှာ ပညာရေးတက္ကသိုလ်ဆိုတာ မရှိပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ စစ်ကိုင်းပညာရေး တက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်နှစ်ခုတို့က တစ်နှစ်ကို ဆရာဆရာမ ၆၀၀ ဦးနှုန်းစီနဲ့ စုစုပေါင်းတစ်နှစ်ကို အထက်တန်းပြဆရာဆရာမ ၁၂၀၀ ခန့်သာ မွေးထုတ်နိုင်တယ်လို့ သိရပါတယ်။ သို့သော်လည်း ဆန့်ကျင်ဘက်ဖြစ်ရပ်တစ်ခုရှိနေပါတယ်။ သမင်မွေးရင်း ကျားစားရင်း ဆိုသလိုပါပဲ။ ၂၀၁၆ ခုနှစ် မတ်လကနေ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်း အငြိမ်းစားယူခြင်း၊ အလုပ်ထွက်ခြင်း၊ သေဆုံးခြင်းတွေကြောင့် ပြုန်းတီးလျော့ပါးသွားတဲ့ အထက်တန်းပြဆရာဆရာမဦးရေ ဟာ ၂၀၇၈ ဦးရှိကြောင်း သိရပါတယ်။ ဒီတော့ မွေးထုတ်နိုင်တဲ့အင်အားက ပြုန်းတီးသွားတဲ့အင်အား ထက် အနည်းငယ်ပဲသာလွန်ကြောင်း တွေ့နိုင်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လာမယ့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွေမှာ Grade 11 နဲ့ Grade 12 အတန်းများ တိုးချဲ့ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ဒီတိုးချဲ့လာတဲ့အတန်းများအတွက် တစ်ဘာသာကို အထက်တန်းပြဆရာတစ်ဦးနှုန်းနဲ့တွက်ကြည့်ရင် အဲဒီနှစ်တွေမှာ အထက်တန်းပြဆရာ

ဆရာမဦးရေ ၅၉၀၀၀ ကျော်လောက် လိုအပ်မယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ ဒါကြောင့် အထက်တန်းပြဆရာဆရာမများကို မွေးထုတ်ပေးနိုင်တဲ့ ယခုလက်ရှိပညာရေးတက္ကသိုလ်နှစ်ခုတည်း နဲ့ကတော့ မလုံလောက်တော့ဘူးဆိုတာ သေချာထင်ရှားနေပါပြီ။ ခါချဉ်ကောင်မာန်ကြီးပေမဲ့ တောင်ကြီးဖြိုမယ့်ကြံ ခါးကမသန် ဆိုတာမျိုး ဖြစ်နေပါလိမ့်မယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ရဲ့ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ(၂/၂၀၁၇)မှာ ဆရာဆရာမလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ပညာရေးတက္ကသိုလ်နှစ်ခု အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်မှာ တစ်ခုစီ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီရင်ခံစာရဲ့စာမျက်နှာ ၆၄ အပိုဒ် ၃၇ အပိုဒ်ခွဲ(က)မှာ ဖော်ပြအကြံပြုထားတာ ကို ကျွန်တော်တို့တွေ့ရပါတယ်။ တကယ်တော့ အထက်မြန်မာပြည်မှာ စစ်ကိုင်းပညာရေးတက္ကသိုလ် ရှိပြီးသားပါ။ အောက်မြန်မာပြည်မှာလည်း ရန်ကုန်ပညာရေးတက္ကသိုလ် ရှိပြီးသားပါ။ ဒါကြောင့် မြန်မာ ပြည်ရဲ့အလယ်ပိုင်း မြေလတ်ဒေသမှာ ပညာရေးတက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် ကျွန်တော်အကြံပြု လိုပါတယ်။ ဒါမှသာ အထက်၊ အလယ်၊ အောက် မြန်မာပြည်မှာ ညီမျှနေမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့အဆင့်မြင့်ပညာရေးကဏ္ဍမှာ အံ့သြ ဖွယ်ရာကြီးတစ်ခု တွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံမှာ နည်းပညာတက္ကသိုလ်ပေါင်းက ၃၃ ခုရှိပါတယ်။ ကွန်ပျူတာတက္ကသိုလ်က ၂၇ ခုရှိပါတယ်။ ဒါပေမဲ့ အထက်တန်းပြဆရာဆရာမများကို မွေးထုတ်ပေး မယ့် ပညာရေးတက္ကသိုလ်ကတော့ နှစ်ခုပဲ ရှိနေတာဟာ ကြားလို့မှ မသင့်လျော်တဲ့ကိစ္စပါ။ ဒီကိစ္စကို လေးနက်စွာစဉ်းစားစေချင်ပါတယ်။ ယခုလည်း နှစ်နှစ်သင်ပညာရေးကောလိပ်တွေကို ပညာရေးဒီဂရီ ကောလိပ် လေးနှစ်သင်များအဖြစ်နဲ့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမယ်လို့ ကြားသိရပါတယ်။ ပညာရေး ဒီဂရီကောလိပ်ဆင်းလာလာတဲ့သူတွေကို ဘယ်လိုဘွဲ့တွေပေးမှာလဲ။ အထက်တန်းပြဆရာခန့်မှာလား။ အလယ်တန်းပြဆရာခန့်မှာလား။ ပညာရေးကို စိတ်ဝင်စားတဲ့သူများက သိချင်နေပါတယ်။ ဘာပဲ ဖြစ်ဖြစ် အထက်တန်းပြဆရာမွေးထုတ်နိုင်တဲ့ ပညာရေးတက္ကသိုလ်တစ်ခုကတော့ လိုအပ်နေတာ သေချာနေပါပြီ။ ဒီအကြောင်းများကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းလိုတာကတော့ ပညာရေးတက္ကသိုလ်တစ်ခု တိုးချဲ့ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက လည်း မြန်မာပြည်အလယ်ပိုင်း မြေလတ်ဒေသမှာ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့လို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်မှာ ရန်ကုန်ပညာရေးတက္ကသိုလ်နဲ့ စစ်ကိုင်းပညာရေးတက္ကသိုလ် နှစ်ခုပဲ ရှိပါတယ်။ အခုနကတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ B.Ed ဘွဲ့ရ

တွေသည် လောလောဆယ်အခြေခံပညာအထက်တန်းကျောင်းများမှာ လိုအပ်နေတဲ့ အထက်တန်းပြ ဆရာဆရာမများ ခန့်ထားနိုင်ရေးအတွက်ကို ပြုစုပျိုးထောင်တဲ့ တက္ကသိုလ်နှစ်ခု ဖြစ်ပါတယ်။ ပညာရေးကောလိပ်တွေကတော့ ၂၅ ခုရှိပြီးတော့မှ မူလတန်းပြဆရာဆရာမများကို ပြုစုပျိုးထောင်ဖို့ လို့အတွက် ပြုစုပျိုးထောင်တဲ့ ပညာရေးကောလိပ်များဖြစ်ပါတယ်။ မြေလတ်ပိုင်းမှာတော့ မကွေး ပညာရေးကောလိပ်နဲ့ ပခုက္ကူပညာရေးကောလိပ် နှစ်ခုတည်းပဲ ရှိတဲ့အတွက်ကြောင့်မို့လို့ မြေလတ်ပိုင်း မှာတော့ အထက်တန်းပြဆရာဆရာမတွေကို ပြုစုပျိုးထောင်တဲ့ ပညာရေးတက္ကသိုလ် မရှိသေးပါဘူး။ ပညာရေးကောလိပ်တွေကတော့ ပညာရေးဒီဂရီကောလိပ်အဖြစ်နဲ့ အဆင့်မြှင့်တင်ဆောင်ရွက်တဲ့အခါ မှာလည်းပဲ မူလတန်းပြဆရာဆရာမတွေရဲ့အတွေ့အကြုံ၊ ရင့်ကျက်မှု၊ အရည်အသွေး၊ ပိုမိုကောင်းမွန် လာဖို့လို့အတွက်ကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ အထက်တန်းပြဆရာဆရာမတွေသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အရ တစ်နိုင်ငံလုံးကရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း စုစုပေါင်း ၄၀၀၁ ကျောင်း မှာ အထက်တန်းပြဆရာဆရာမ ၁၁၀၀၀ ကျော် လစ်လပ်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါ တယ်။ ဒီလိုလိုအပ်တဲ့ ၁၁၀၀၀ ကျော်သော အထက်တန်းပြဆရာဆရာမတွေသည် ကျောင်းသားဆရာ အချိုး၊ ကျောင်းသားစာသင်ခန်းအချိုးအရ အနည်းဆုံးလိုအပ်သောဦးရေကို တွက်ချက်ထားခြင်း အပေါ်မှာ ပြုစုထားခြင်း ဖြစ်ပါတယ်။ ဒီလိုအပ်နေတဲ့အထက်တန်းပြဆရာဆရာမ ၁၁၀၀၀ ကျော်စလုံး ကို တစ်နှစ်တည်းအတွင်းမှာလည်းပဲ ပညာရေးဝန်ကြီးဌာနအနေနဲ့ ခန့်ထားဖို့လို့အတွက်ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ လိုအပ်နေတဲ့ အထက်တန်း ပြဆရာဆရာမ ၁၁၀၀၀ ကို သုံးနှစ်တာကာလအတွင်းမှာ ၃၀၀၀ ကျော်ဆီကို ခန့်ထားနိုင်ရေး ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၁၇ အရလည်း အခြေခံပညာရေးမှာ ၁၁ တန်းပညာရေးကနေပြီးတော့မှ KG + 12 အခြေခံ ပညာရေးစနစ်ကို ကူးပြောင်းဆောင်ရွက်နေတာမှာလည်းပဲ လိုအပ်နေတဲ့ ဆရာဆရာမတွေမှာ မူလတန်းပြဆရာဆရာမတွေရဲ့အရည်အသွေး ပိုမိုကောင်းမွန်ဖို့လို့အတွက်လိုအပ်သလို အထက်တန်း ပြဆရာဆရာမတွေရဲ့အရည်အသွေးဟာလည်း ပိုမိုပြီးတော့ကောင်းမွန်ဖို့လို့အတွက် လိုအပ်နေတာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်နေတဲ့အထက်တန်းပြဆရာဆရာမတွေတော့ ယခုလက်ရှိ ကျင့်သုံးနေတဲ့ B.Ed ဘွဲ့ရဆရာဆရာမတွေကို အထက်တန်းပြဆရာဆရာမများအဖြစ် ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသလို ဒီလိုအပ်နေတဲ့ ၁၁၀၀၀ ထဲကမှ ထပ်မံပြီးတော့ လိုအပ်နေခဲ့မယ်ဆိုလို့ရှိရင်တော့ မဟာဘွဲ့ရသူများကို Certificate in Education Technology သင်တန်းပေးပြီးတော့ ခန့်ထားဖို့လို့အတွက်ကိုလည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ KG + 12၊ KG နဲ့ ၁၂ တန်း ပညာရေးအတွက် လိုအပ်နေတဲ့ ဆရာဆရာမတွေ၊ စာသင်ဆောင်တွေ၊ ပြီးရင် ပညာရေးကောလိပ်တွေ ကို အဆင့်မြှင့်တင်ဖို့၊ ပြီးရင် တက္ကသိုလ်တွေမှာ လိုအပ်နေတဲ့ ဆရာဆရာမတွေ၊ စာသင်ခန်းတွေ၊ ကျောင်းသားကျောင်းသူအိပ်ဆောင်တွေ၊ Library တွေ၊ သင်ထောက်ကူပစ္စည်းတွေ ဒါတွေကိုလည်းပဲ

ဖြည့်ဆည်းပေးဖို့လို့အတွက် စီစဉ်ဆောင်ရွက်နေရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လောလောဆယ် ကာလမှာတော့ မြေလတ်ပိုင်းမှာ ပညာရေးတက္ကသိုလ် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ဖို့လို့အတွက် အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**စာသင်ကျောင်းဟောင်းများအား ကျောင်းသူ၊ ကျောင်းသားအင်အား၊ စာသင်ခုံများ၊ ပရိဘောဂများ ဟောင်းနွမ်းပျက်စီးမှုအနေအထားပေါ် မူတည်၍ ကျောင်းသုံးပရိဘောဂများနှင့် သင်ထောက်ကူ ပစ္စည်းများ စိစစ်ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပညာရေးဆိုင်ရာ စာသင်ခုံများနှင့် ပရိဘောဂများလိုအပ်ချက်တွေအပေါ် မူတည်ပြီးတော့ ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်လာရတဲ့အကြောင်းရင်းကတော့ ကျွန်တော်တို့မြို့နယ်က အထက်တန်း ကျောင်းတစ်ကျောင်းမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတစ်ခုအပေါ်မှာ အခြေခံပြီးတော့ တစ်နိုင်ငံလုံး မှာရှိတဲ့ စာသင်ကျောင်းတွေရဲ့အခက်အခဲတွေကို ပြေလည်စေချင်တဲ့ဆန္ဒနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီ အ.ထ.က ကျောင်းဟာ အခြေခံပညာအထက်တန်းကျောင်းစာမေးပွဲ စာစစ်ဌာန နှစ်စဉ်ပြုလုပ်နေရတဲ့ ကျောင်းတစ်ကျောင်းဖြစ်လို့ ၂၀၁၈ ခုနှစ်၊ မတ်လမှာပြုလုပ်မယ့်စာမေးပွဲအတွက် စာရေးစားပွဲနဲ့ စာသင်တဲ့ခုံအလုံးပေါင်း ၁၀၀ လောက်လိုနေကြောင်းနဲ့ လက်ရှိစာသင်ကြားရာမှာလည်းပဲ အဆင်ပြေ သလိုစုပြီးတော့၊ ထိုင်ပြီးတော့သင်ကြားနေရကြောင်း၊ စာသင်ခုံအချို့မှာလည်းပဲ နှစ်ကာလကြာမြင့်လို့ ယိုင်နဲ့ကျိုးပဲ့ပျက်စီးနေမှုကို ဖာထေးပြုပြင်အသုံးပြုနေရခြင်း၊ စာရေးစားပွဲအချို့မှာ မျက်နှာပြင်ညီညာ ချောမွေ့မှုမရှိတော့လို့ စာဖြေကြားသူတွေအတွက် အဆင်မပြေမှုတွေရှိနေကြောင်းလည်း သိရပါတယ်။ စာသင်ခုံနှင့်ပရိဘောဂတွေကို စာသင်ကျောင်းအသစ်တွေနဲ့ ကျောင်းများကို အဆင့်တိုးမြှင့် ဦးစားပေး ခွင့်ပြုချထားပေးရလို့ စာသင်ကျောင်းဟောင်းများအတွက် ခွင့်ပြုချထားပေးနိုင်မှုမရှိသေးကြောင်း လည်းပဲ သိရပါတယ်။ စာသင်ခုံနှင့်ပရိဘောဂများ ခွင့်ပြုချထားပေးတဲ့အခါမှာ ယခင်က ရုံးချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီးတွေက လေလံခေါ်ယူဆောင်ရွက်ပြီးတော့ မြို့နယ်များနှင့်ကျောင်းများကို အဆင့်ဆင့်ပေးပို့ရတဲ့အတွက် လေလံကအပ်နှံတဲ့ စာသင်ခုံအရေအတွက်များပြားလို့ တစ်လုံးချင်း စစ်ဆေးဖို့အခက်အခဲရှိခြင်းကြောင့် သစ်အမျိုးအစား၊ ပစ္စည်းအမျိုးအစား မမှန်ကန်ခြင်း၊ အရေအသွေးမပြည့်ဝခြင်း၊ ယိုင်နဲ့ကျိုးပဲနေခြင်းများဖြစ်ပေါ်နေတာ တွေ့ရတဲ့အပြင် အဆင့်ဆင့် သယ်ဆောင် တင်ချစရိတ်တွေ ပိုမိုကုန်ကျခြင်း၊ တင်ချသယ်ယူမှု အကြိမ်ရေများလာတာနှင့်အမျှ စာသင်ခုံနှင့်ပရိဘောဂများ ယိုင်နဲ့ကျိုးပဲ့ပျက်စီးခြင်း စတာတွေဖြစ်ပေါ်တာ တွေ့ရပါတယ်။ စာသင်ခုံ တွေ ခွဲဝေချထားပေးတာနဲ့ပတ်သက်လို့ ကျွန်တော် စာရင်းစစ်ချုပ်ရုံးကနေ အငြိမ်းစားမယူခင် စစ်ဆေးရေးလုပ်ငန်းအတွေ့အကြုံနဲ့ပတ်သက်ပြီးတော့ တင်ပြချင်ပါတယ်။ ကျွန်တော်က ခရိုင် စာရင်းစစ်အရာရှိနဲ့ အငြိမ်းစားမယူခင် ပြည်နယ်စာရင်းစစ်ချုပ်ရုံးရဲ့ တာဝန်ပေးမှုအရ အခြေခံပညာ

ဦးစီးဌာနကပေးပို့တဲ့ စာသင်ခုံတွေကို လက်ခံရရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရတဲ့အခါမှာ ကျောင်းအတော်များများမှာလက်ခံရတဲ့ စာသင်ခုံတွေဟာ အဆင့်ဆင့်သယ်ပို့တင်ချမှုပြုလုပ်ရတာ ဖြစ်တဲ့အတွက်ကြောင့် ကျောင်းတွေကိုရောက်တဲ့အခါမှာ စာသင်ခုံခြေထောက်တွေကျိုးပဲ့နေတာတွေ၊ စားပွဲမျက်နှာပြင်ကျိုးပဲ့နေတာတွေ၊ ချိုင့်ခွက်နေတာတွေ၊ မျက်နှာပြင်မညီညာလို့ စာသင်သားတွေ အတွက် စာရေးဖို့အခက်အခဲဖြစ်နေတာတွေ တွေ့ခဲ့ရပါတယ်။ ကျောင်းအချို့မှာဆိုရင် အရမ်းကို အခြေအနေဆိုးတဲ့အခြေအနေမျိုးဖြစ်တဲ့ စာသင်ခုံတန်းရှည်နဲ့ ခုံတန်းရှည်တွေရဲ့ Frame သစ်သားတွေ က သစ်နုတဲ့အပြင် သစ်အမျိုးအစားညံ့ဖျင်းလွန်းတာတွေ တွေ့ရပြီးတော့ စာသင်ခုံရှည်တွေနဲ့ ထိုင်ခုံ ရှည်တွေရဲ့အပေါ်ဖုံးနှင့် အံဆွဲနေရာတွေကို သုံးထပ်သားအပါးလေးတွေနဲ့လုပ်ထားတဲ့အတွက်ကြောင့် ကလေးသူငယ်တွေ ပြေးလွှားဆော့ကစားရင် ပျက်စီးသွားမှာစိုးတဲ့အတွက် ဆရာဆရာမတွေက အသုံးမပြုရဲဘဲနဲ့ စတိုခန်းထဲမှာထည့်ပြီးတော့ ထိန်းသိမ်းထားရတဲ့အခြေအနေမျိုး တွေ့ခဲ့ရဖူးပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုစစ်ဆေးတဲ့အခါမှာ အရေအတွက်ကိုပဲစစ်ဆေးဖို့ တာဝန်ပေးတဲ့အတွက်ကြောင့် အရေအတွက်ပြည့်မပြည့်နဲ့ မျက်မြင်အခြေအနေကိုတော့ မှတ်ချက်သဘောနဲ့ ရေးသားတင်ပြလျက် အစီရင်ခံခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ စာသင်ကျောင်းဟောင်းများအား ကျောင်းသူကျောင်းသားအင်အား၊ စာသင်ခုံများ ဟောင်းနွမ်းပျက်စီးမှုအနေအထားအပေါ် မူတည်ပြီး တော့ စိစစ်ချထားပေးနိုင်ခြင်းရှိ/မရှိနှင့် ခွင့်ပြုချထားပေးရာမှာ သက်ဆိုင်ရာကျောင်းများမှာ အရည်အသွေးပြည့်ပြည့်ဝဝ လက်ခံရရှိရေး ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများကနေပြီးတော့မှ သင်ထောက်ကူပစ္စည်းများအတွက် ရန်ပုံငွေတွေကို ကျောင်းအရေအတွက်အပေါ်မူတည်ပြီး ခွဲဝေပေးပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှတစ်ဆင့် ကျောင်းအဆင့်အလိုက် လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ခွဲဝေ ပေးခြင်းဖြစ်ပါတယ်။ ဒီလိုခွဲဝေပေးတဲ့အခါမှာလည်း စာသင်ကျောင်းဟောင်း၊ စာသင်ကျောင်းသစ် ဆိုပြီးတော့ ခွဲခြားသတ်မှတ်ပြီးတော့မှ ကျောင်းဆောင်သစ်တွေအတွက် ဦးစားပေးခွဲဝေပေးလျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းတွေမှာ လိုအပ်နေတဲ့ ကျောင်းဆောင်သစ်တွေကို တည်ဆောက်တဲ့အခါမှာနဲ့ ကျောင်းဆောင်ဟောင်းတွေမှာလည်းပဲ လိုအပ်နေတဲ့ ပရိဘောဂပစ္စည်းတွေကို ဖြည့်ဆည်းဖို့ဆိုတဲ့အခါမှာ နှစ်စဉ်ကျောင်းဆောင်အသစ်တွေကိုသာ တိုးချဲ့တည်ဆောက်နေသော်လည်းပဲ လိုအပ်နေတဲ့ပရိဘောဂ၊ စာသင်ခုံတွေကို ပြည့်မီစွာမဖြည့်ဆည်း ပေးနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ကျောင်းတွေကို ဦးစားပေးအလိုက်ခွဲဝေပြီးတော့မှ စီစဉ်ဆောင်ရွက် ပေးနေရတာဖြစ်ပါတယ်။ လက်ရှိ စာသင်ခုံပရိဘောဂတွေပျက်စီးနေလို့ရှိရင်လည်းပဲ ပရိဘောဂပြင်ဆင် ထိန်းသိမ်းစရိတ်များကို ရန်ပုံငွေခွဲဝေပေးပြီးတော့ ပျက်စီးမှုတွေကို ပြင်ဆင်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ စာသင်ခုံလိုအပ်ချက်တွေအပေါ်မှာလည်းပဲ သက်ဆိုင်ရာမြို့နယ်တွေရဲ့ အရန်ပရိဘောဂအဖြစ် ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မှ နှစ်စဉ် အခြေခံပညာအထက်တန်းကျောင်းတွေရဲ့ ပရိဘောဂလိုအပ်ချက်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းပရိဘောဂရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိတဲ့ပရိဘောဂများအနက်မှ သက်ဆိုင်ရာ မြို့နယ်ရဲ့ အရန်ပရိဘောဂမှ ဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာ စာသင်ဆောင်အသစ် ၅၀၀၀ ကျော်တည်ဆောက်သော်လည်းပဲ ကျွန်တော်တို့ လိုအပ်နေတဲ့စာသင်ဆောင် ၅၀၀၀ စလုံးမှာ လိုအပ်နေတဲ့ စာသင်ခုံအရေအတွက်ကတော့ ကျွန်တော်တို့ ပြည့်မီစွာ ဖြည့်တင်းဆောင်ရွက်ပေးနိုင်မှု မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ကချင်ပြည်နယ်မှာတော့ မူလတန်းအတွက်ဆိုရင် စာသင်ခုံအနိမ့်တွေ ဆောင်ရွက်ပေးပါတယ်။ ကယားပြည်နယ် ပြီးလို့ရှိရင် ကျွန်တော်တို့ ဒီလိုပါပဲ။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့/အနောက်၊ မကွေး၊ ဒီတွက်ချက်မှုတွေသည် ကျောင်းသားကျောင်းသူဦးရေ အပေါ်မှာမူတည်ပြီးတော့ စုစုပေါင်းရှိတဲ့ ကျောင်းသားကျောင်းသူဦးရေကနေ ရာခိုင်နှုန်းယူပြီးတော့မှ လိုအပ်ချက်ကို ကျွန်တော်တို့ ခွဲဝေဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မူလတန်းအတွက်ကိုတော့ လေးယောက်တွဲစာသင်ခုံအနိမ့် ဖြည့်ဆည်းဆောင်ရွက်ပေးပြီးတော့မှ အလယ်တန်း၊ အထက်တန်းအတွက် ကိုတော့ လေးယောက်တွဲစာသင်ခုံအမြင့်ကို ကျွန်တော်တို့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နောင်နှစ်တွေမှာတော့ တိုးချဲ့တည်ဆောက်တဲ့ စာသင်ဆောင်တွေနဲ့အညီ လိုအပ်နေတဲ့စာသင်ခုံတွေနဲ့ ပျက်စီးလာတဲ့စာသင်ခုံတွေကိုလည်းပဲ ပြင်ဆင်ထိန်းသိမ်းဖို့အတွက်ကို လည်းပဲ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ မိဘများ၊ အုပ်ထိန်းသူများ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ စနစ်တကျ ထိထိရောက်ရောက် ဖြည့်တင်းဆောင်ရွက်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်က ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ကာ သင့်လျော်သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နိုးနွယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက် တစ်ရပ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်က အဆိုတင်သွင်းတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာဒေါ်အေဇင်လတ်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မ ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ အခု ကျွန်မက ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၅၅ ပုဒ်မခွဲ(က)အရ လွှတ်တော်ကို အဆိုတစ်ရပ်တင်သွင်းဖို့ရှိပါတယ်။ ဥက္ကဋ္ဌကြီး ရှင်။ ယနေ့ကမ္ဘာမှာ ကျွန်မတို့နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဝင်ငွေမြင့်မားပြီးတော့ ချမ်းသာကြွယ်တဲ့နိုင်ငံတွေဟာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်တွေကို အချိန်အတော်ကြာဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒီအတွက်ရရှိတဲ့ အကျိုးကျေးဇူးတွေဟာလည်း အင်မတန်မှကြီးမားလှပါတယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ကျွန်မတို့ ၁၉၄၈ ခုနှစ်က ဂျပန်နိုင်ငံမှာ ကျောင်းအခြေပြုလုပ်ရှားမှုတွေစတင်စဉ်တုန်းကဆိုလို့ရှိရင် ဂျပန်ကျောင်းသားလေးများရဲ့ ၇၃ ရာခိုင်နှုန်းမှာ ကူးစက်ရောဂါတစ်မျိုးမျိုးဖြစ်ပွားနေတာကိုတွေ့ခဲ့ရပေမဲ့ ၁၉၈၅ ခုနှစ်အရောက်မှာတော့ ကျောင်းသားများရဲ့ ၀.၀၁ ရာခိုင်နှုန်းသာ ကူးစက်ရောဂါများဖြစ်ပွားတာကို တွေ့ရပါတော့တယ်။ ဒီလိုအကျိုးကျေးဇူးကြီးမားလှတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း ကျွန်မတို့ အခုအစိုးရ လက်ထက်မှာ ကျောင်းကျန်းမာရေးမဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၂ ခုနှစ်)ကလည်း ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုမဟာဗျူဟာချမှတ်ထားပင် ထားသော်ငြားလည်းပဲ မြေပြင်မှာသက်ဝင်လှုပ်ရှားမှု မရှိသေးတာရယ်။ နောက် လိုအပ်ချက်တွေဟာလည်း အင်မတန်မှများပြားလှတဲ့အတွက် ကြောင့်မို့လို့ ဝိုင်းဝန်းအကြံပြုဆွေးနွေးချင်တဲ့အတွက် ဒီအဆိုကို ကျွန်မအနေနဲ့တင်သွင်းလိုက်ရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုမျိုးလိုအပ်ချက်တွေ ရှိနေသလဲဆိုတာကို ကျွန်မအနေနဲ့ ဆက်လက် ဆွေးနွေးခွင့်ပြုပါရန် Power Point အသုံးပြုခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျွန်မတို့နိုင်ငံရဲ့ မြို့နယ်ပေါင်း ၃၃၀ မှာ မြို့နယ် ၈၀ မှာသာရှိတဲ့ ကျောင်းကျန်းမာရေးဌာနများဟာ အခုပုံမှာမြင်ရတဲ့အတိုင်းပဲ ဝန်ထမ်းအင်အားမပြည့်စုံမှု၊ ဆေးအပါအဝင် ထောက်ပံ့ပစ္စည်းများချို့တဲ့စွာနှင့် တခြားသောမိတ်ဖက်ဝန်ကြီးဌာနများရဲ့ ပံ့ပိုးမှုလည်း အားနည်းလှစွာဖြင့် လုပ်ငန်းခွင်ကိုအဖြစ်သာ ဆောင်ရွက်နေရတဲ့အနေအထားကို ကျွန်မက ဒီ Slide နဲ့

တင်ပြလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက တင်သွင်းအတည်ပြု အောင်မြင်ခဲ့တဲ့ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး အဆိုရဲ့အကျိုးရလဒ်တွေဟာ ယနေ့ အထိတော့ ကျွန်မတို့ကလေးများရဲ့ ကျောင်းမုန့်ဈေးတန်းကို ရောက်မလာသေးဘူးဆိုတာကို ကျွန်မက ဒီ Slide နံပါတ်(၂)နဲ့ ဖော်ပြလိုခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး ကျောင်းမုန့်ဈေးတန်းတွေကို အန္တရာယ် ကင်းစင်အောင် မလုပ်နိုင်သေးတဲ့အချိန်မှာဘဲ ကျွန်မတို့ကလေးများရဲ့ ကျန်းမာရေးတွေကို ထိခိုက်စေ နိုင်တဲ့ အခြားသောအကြောင်းကိစ္စများကလည်း ပေါ်ပေါက်လာပါတယ်။ အဲဒါကတော့ ပြီးခဲ့တဲ့နှစ်မှာ ဒီ Power Point မှာဖော်ပြထားတဲ့ ဆေးကုမ္ပဏီလုပ်ငန်းရှင်တစ်ဦးက အစိုးရရဲ့ခွင့်ပြုချက်နဲ့ ကျောင်းတွေ မှာ ပူးတွဲပါဆေးကို ကျန်းမာရေးဟောပြောပွဲအသွင်သဏ္ဍာန်ဖြင့် ဒီဆေးကို ဥာဏ်ကောင်းဆေးအနေနဲ့ ကျောင်းသားမိဘတွေကို ကြော်ငြာရောင်းချခဲ့တဲ့ဖြစ်စဉ်လည်း ဖြစ်ပွားခဲ့ပါတယ်။ ဒီအခါမှာ ကြုံဆုံရတဲ့ ကျွန်မအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ အစိုးရအဖွဲ့ဆီကို ကျွန်မတို့ဆက်သွယ်ပြီး တားမြစ်စေတဲ့အခါမှာ အဆိုပါလုပ်ငန်းရှင်ကို ကျောင်းများအတွင်းမှာ ဟောပြောခွင့်ကိုတော့ အမှန်တကယ်ပေးခဲ့တာဖြစ်ပြီး ဆေးရောင်းချခွင့်တော့မပါကြောင်း ပြန်လည်ဖြေကြားပါတယ်။ သို့သော်လည်းပဲ ဆေးရောင်းချခြင်းများကိုတော့ ကျွန်မတို့တားမြစ် နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီအတွက် လည်း သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်မှာ မေးခွန်းမေးမြန်းခဲ့တာ ကိုလည်း ကျွန်မ Power Point မှာ ပူးတွဲတင်ပြထားပါတယ်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ အခုလိုမျိုး စီးပွားရေးအသွင်သဏ္ဍာန်ယူပြီး ကျွန်မတို့ရဲ့သားသမီးများရဲ့ ကျန်းမာရေးကိုထိခိုက်စေနိုင်တဲ့ အလားတူကိစ္စရပ်များမဖြစ်ပေါ်စေဖို့ရယ်၊ ထပ်မံမဖြစ်ပွားစေဖို့ရယ်၊ နောက်ထပ် ကျောင်းမုန့်ဈေးတန်း ကို ကြီးကြပ်နိုင်စေဖို့ရယ်၊ ကျွန်မတို့အနေနဲ့ အခုလက်ရှိရှိနေတဲ့ မြို့နယ်တွေရဲ့ ကျောင်းကျန်းမာရေး ကော်မတီတွေ သက်ဝင်လှုပ်ရှားမှုတွေရှိအောင် ဖွဲ့စည်းပုံပြင်တာ၊ လုပ်ငန်းလမ်းညွှန်ရေးဆွဲတာတွေ အပြင် ကျောင်းကျန်းမာရေးကော်မတီတွေထိထိရောက်ရောက် အလုပ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ ဥပဒေကိုပါ ပြဋ္ဌာန်းပေးဖို့လည်း လိုအပ်လာပြီဖြစ်ပါတယ်။ ဒီအတွက်လည်း တခြားသောနိုင်ငံတွေမှာ ကလေးများကျန်းမာရေးအတွက်လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းထားပြီလားဆိုတာကို ကျွန်မတို့လေ့လာ ဆန်းစစ်ကြည့်တဲ့အခါမှာ ဒေသတွင်းအာဆီယံနိုင်ငံတွေထဲမှာပင် ဒီဥပဒေကို ကျွန်မတို့ Child Nutrition Law အနေနဲ့ သီးသန့်ဖြစ်စေ၊ ပြည်သူ့ကျန်းမာရေးနဲ့ဆိုင်တဲ့ဥပဒေတစ်ခုခုမှာ အပိုဒ်ခွဲတစ်ခု အနေနဲ့ဖြစ်စေ၊ ပညာရေးနဲ့ဆိုင်တဲ့ဥပဒေတစ်ခုခုမှာ အပိုဒ်ခွဲတစ်ခုအနေနဲ့ဖြစ်စေ ဒါတွေဟာ သတ်မှတ်ပြဋ္ဌာန်းပြီးပြီဖြစ်ကြောင်းကိုလည်း ကျွန်မတို့လေ့လာသိရှိရပါတယ်။ အဲဒီတော့ ကျွန်မတို့ အနေနဲ့ ကျောင်းကျန်းမာရေးကော်မတီကလည်း သက်ဝင်လှုပ်ရှားလာပြီ။ မူဝါဒနဲ့ဥပဒေကလည်း ခိုင်မာလာပြီဆိုရင် နောက်ထပ်ဒီလုပ်ငန်းကို အကောင်အထည်ဖော်ဖို့အတွက် မဖြစ်မနေလိုအပ်တာ ကတော့ ကျွန်မတို့ နှစ်စဉ်ရန်ပုံငွေရရှိဖို့ပဲဖြစ်ပါတယ်။ ဒီအတွက် ရန်ပုံငွေကို ကျွန်မအနေနဲ့အကြံပြုချင် တာကတော့ ကျွန်မတို့ရဲ့ လူထုကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ပစ္စည်းများဖြစ်တဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးနဲ့ အရက်၊ ဘီယာတို့အပေါ်မှာ ကောက်ခံတဲ့အခွန်တွေကို ယခုထက်ပိုမိုတိုးမြှင့်ကောက်ခံ ပြီးတော့ ဒီအခွန်ထဲကနေပြီးတော့မှ ရာခိုင်နှုန်းတစ်ခုကို ကျွန်မတို့ကလေးများရဲ့ ကျောင်းကျန်းမာရေး လုပ်ငန်းများအတွက် နှစ်စဉ်ရန်ပုံငွေကို ခွဲဝေရရှိချင်ပါတယ်။ ဒါဟာလည်း ကျွန်မတို့နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဒီအခွန်ခွဲဝေမှုပုံစံဖြစ်ပြီးတော့ ဒီ Slide မှာပြထားတာဆိုလို့ရှိရင် ၂၀၁၂ ခုနှစ်မှာ

ဖိလစ်ပိုင်နိုင်ငံဟာ အခွန်နဲ့ပတ်သက်တဲ့ Sintax Reform ပြုလုပ်ပြီးတဲ့နောက်ပိုင်းမှာ သူ့ရဲ့ ကျန်းမာရေးဘတ်ဂျက်တွေဟာ အဆမတန်များပြားသွားတာကို Slide မှာပြသထားတာ ဖြစ်ပါတယ်။ ဒါကလည်း ထိုင်းနိုင်ငံမှာ ဒီအခွန်တွေကို တိုးကောက်ပြီးတဲ့နောက်မှာ သူတို့နိုင်ငံရဲ့ သက်ကြီးချို့တဲ့ သူများကို ဒီအခွန်တွေထဲကနေပြီးတော့မှ ထောက်ပံ့ငွေကိုပေးခဲ့တာဖြစ်ပါတယ်။ အခု ကျွန်မတို့နိုင်ငံ ကလည်း သက်ကြီးဘိုးဘွားများအတွက် ထောက်ပံ့ငွေကိုတော့ နိုင်ငံတော်ဘဏ္ဍာထဲကနေပြီးတော့မှ ထောက်ပံ့နေပြီဖြစ်ပြီးတော့ နှစ်စဉ်ကျပ်သန်းပေါင်း ၄၀၀၀ ကျော်ကို နိုင်ငံရဲ့စုစုပေါင်းလူဦးရေရဲ့ ၉ ရာခိုင်နှုန်းဖြစ်တဲ့ သက်ကြီးဘိုးဘွားတွေကိုလည်း ပေးအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ လူဦးရေစုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းဖြစ်တဲ့ ကျောင်းသားကျောင်းသူ လေးများရဲ့ ကျန်းမာရေးအတွက်၊ နောက်အားကစားအတွက် ကျွန်မက နိုင်ငံတော်ဘဏ္ဍာကိုလည်း ဒီလိုမျိုးနည်းစနစ်များနဲ့ အသုံးပြုဖို့လိုအပ်နေပြီဖြစ်ပါကြောင်းကို ကျွန်မက ဒီနေ့လွှတ်တော်မှာ ဆွေးနွေးနေခြင်းပဲဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့အနေနဲ့ ဒီလိုမျိုးနှစ်စဉ်အကောင်အထည်ဖော်ဖို့အတွက်လည်း ရန်ပုံငွေ ပမာဏလည်း ကျွန်မတို့ရရှိလာပြီဆိုရင် နောက်တစ်ဆင့် ကျွန်မတို့စဉ်းစားရမှာကတော့ ဘယ်လို နည်းလမ်းတွေနဲ့ ရေရှည်အကောင်အထည်ဖော်နိုင်မလဲဆိုတာကို ကိုယ့်နိုင်ငံအနေနဲ့ တွက်ထုတ်ဖို့ ဖြစ်ပါတယ်။ ဒါဟာလည်း အင်မတန်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရေရှည်အကောင်အထည်ဖော်ဖို့ဆိုတာ ရေရှည်လုပ်နိုင်မယ့်နည်းလမ်းကိုသာ ရွေးချယ်မှသာလုပ်နိုင် မှာမို့လို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မ ဥပမာအနေနဲ့ ဆွေးနွေးချင်တာကတော့ ကျွန်မတို့နိုင်ငံနဲ့ ဆင်တူတဲ့စိုက်ပျိုးရေးနိုင်ငံလည်းဖြစ်တဲ့ နိုင်ငံရဲ့လူဦးရေ လေးပုံပုံတစ်ပုံဟာလည်း ဆင်းရဲမွဲတေမှု မျဉ်းကြောင်းအောက်မှာလည်း ကျရောက်နေတဲ့ ဖိလစ်ပိုင်နိုင်ငံမှာရွေးချယ်ထားတဲ့ ကျောင်း ကျန်မားရေးလုပ်ငန်းစဉ်သုံးခုကို ကျွန်မက ဥပမာအနေနဲ့ ဆွေးနွေးချင်ပါတယ်။ ဒါကတော့ သူတို့ရဲ့ လုပ်ငန်းစဉ်နံပါတ်(၁)ဖြစ်တဲ့ ကျောင်းတွေထဲမှာ အဟာရပညာပေးခြင်းအတွက် မူလတန်းကျောင်းမှာ ပြင်ဆင်ထားတဲ့အခန်းလေးပဲ ဖြစ်ပါတယ်။ ဒီမှာကလေးတွေရဲ့ စာသင်ချိန်တစ်ခုခုမှာ သူ့အသက် အရွယ်နဲ့ကိုက်ညီတဲ့ပညာပေးမှုကို ဒါပေ့ါပေ့ါပါးပါးပဲ သင်ကြားပြီးတော့ ကလေးများရဲ့တစ်သက်တာ အတွက် အဟာရပညာပေးမှုအပါအဝင် ကျန်တဲ့ပညာပေးမှုတွေပါ ဒီအခန်းမှာပြုလုပ် ပေးတာဖြစ်ပါ တယ်။

ဒါကတော့ သူတို့ဖိလစ်ပိုင်နိုင်ငံရဲ့ ဒုတိယကျောင်းကျန်းမာရေးလုပ်ငန်းစဉ်ဖြစ်တဲ့ သဘာဝ မြေသြဇာများဖြင့် သဘာဝနည်းစနစ်တွေနဲ့ စိုက်ပျိုးခြင်းနည်းစနစ်ကို ကျောင်းတွေမှာသင်ကြား ပေးတာဖြစ်ပါတယ်။ သူတို့နိုင်ငံမှာတော့ ဒီဟာကိုဆောင်ရွက်ဖို့အတွက် ဥပဒေနဲ့ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒီမှာပြင်ဆင်ထားတာကတော့ ကလေးများကို စာသင်ပေးဖို့အတွက် ပြင်ဆင်ထားတဲ့ဟာနဲ့ သူတို့ရဲ့ကျောင်းလေးထဲမှာရှိတဲ့ ဥယျာဉ်ငယ်လေးများကို ပြသထားတာဖြစ်ပါတယ်။ ဒီအတွက် သင်ကြားတာကတော့ စိုက်ပျိုးရေးကျောင်းဆင်းများကို မူလတန်းကျောင်းလေးတွေမှာ ခန့်အပ်ထား တာဖြစ်ပါတယ်။ ဒီနိုင်ငံရဲ့ရည်ရွယ်ချက်ကတော့ ကျောင်းသားလေးများရဲ့မိဘများဆီကိုပါ စိုက်ပျိုးရေး အသိပညာတွေ ကလေးများကနေတစ်ဆင့် သယ်ဆောင်ဖြန့်ဝေပေးနိုင်ဖို့အတွက်ရည်ရွယ်တဲ့

ကောင်းမွန်တဲ့ရည်ရွယ်ချက်နဲ့ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒါကတော့ သူတို့ရဲ့ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်ရဲ့ နောက်ထပ်နံပါတ်(၃)အချက်ဖြစ်တဲ့ အဟာရထောက်ပံ့ဖို့အတွက် ကျောင်းတွေမှာပြင်ဆင်နေတာဖြစ်ပါတယ်။ ဒီအဟာရထောက်ပံ့ခြင်းဟာလည်း သူတို့ဖိလစ်ပိုင်နိုင်ငံမှာဆိုရင် ကျောင်းသားအားလုံးကို မကျွေးပါဘူး။ ကျန်းမာရေးစစ်ဆေးမှုရလဒ်မှာ အဟာရချို့တဲ့မှုအပြင်းထန်ဆုံးဖြစ်တဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသားစုစုပေါင်းရဲ့ ငါးသိန်းကိုသာ ဒီအစီအစဉ်ကိုလည်း ထောက်ပံ့နေတာဖြစ်ပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်ရဲ့ဘတ်ဂျက်ကိုလည်း အခွန်ကနေပြီးတော့မှ ခွဲဝေပေးတာဖြစ်သလို နိုင်ငံတကာက ထောက်ပံ့ငွေတွေလည်း ဒီမှာပါဝင်တာဖြစ်ပါတယ်။

ဒီကျောင်းသားတွေကို ကျွေးရမယ့်အစားအသောက်တွေကိုလည်း ဖိလစ်ပိုင်အဟာရဌာနက သူတို့ရဲ့ ဖိလစ်ပိုင်ရိုးရာမုန့်များကိုမှ ဘာတွေကိုကျွေးရမယ်ဆိုတာကိုလည်း လမ်းညွှန်စာအုပ်ထုတ်ထားတာဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာပါတဲ့ အစားအသောက်များကိုပဲ ကျောင်းတွေမှာကျွေးမွေးကြတာဖြစ်ပါတယ်။ ဒါကတော့ ဖိလစ်ပိုင်နိုင်ငံရဲ့ကျောင်းသားများရဲ့ မိဘတွေလက်ထဲကိုအရောက်ပို့ထားတဲ့ တစ်လတာသူ့ရဲ့ကလေးကို ချက်ပြုတ်ကျွေးမွေးနိုင်တဲ့ အချက်အပြုတ်လမ်းညွှန်စာအုပ်ပဲဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင်လည်း ဈေးနှုန်းသင့်တင့်တဲ့ ပြည်သူလူထုစားသုံးနိုင်တဲ့ ဟင်းအမယ်တွေကိုမှ တစ်လစာဖော်ပြထားပြီးတော့ ဘယ်လိုချက်ပြုတ်ရမယ်ဆိုတဲ့ပုံစံနဲ့ ဒီအစားအသောက်ကိုစားရင်ရရှိမယ့်အဟာရတွေကို တွက်ချက်ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကလည်း ကျောင်းသားမိဘတွေရဲ့ လက်ဝယ်ကိုအရောက်ဖြန့်ဖြူးပေးထားတဲ့ အဟာရနမူနာပန်းကန်ပြားငယ်ပုံစံဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင်လည်း ပန်းကန်ပြားပုံစံတွေကို ကျောင်းသားမိဘတွေလက်ထဲကို အရောက်ပို့ထားပြီးတော့ ပုံစံငယ်ရဲ့နောက်ကျောမှာလည်း သူ့ရဲ့အသက်အရွယ်နဲ့ စားသောက်ရမယ့် အစားအသောက်၊ အမျိုးအမည်နဲ့ အလေးချိန်အချိန်အဆကိုပါ အသက်အရွယ်အလိုက် ပြုစုပေးထားတာဖြစ်တဲ့အတွက် လူထုအနေနဲ့လည်း အင်မတန်မှနားလည်လွယ်ကူတဲ့ နည်းစနစ်တွေအတွက် သူတို့ရဲ့နိုင်ငံတော်ဘတ်ဂျက်တွေကို အသုံးပြုထားတာကိုလည်း ကျွန်မတို့တွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အခုဆွေးနွေးခဲ့တဲ့အဆိုက ကျွန်မတို့ရဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာအောင်မြင်စေဖို့အတွက် တိုက်တွန်းတဲ့အဆိုဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသားကျောင်းသူများအားလုံးကို ကိုယ်စားပြုတဲ့အဆိုဖြစ်ပါတယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသားကျောင်းသူများကလည်း ယခင် ကျွန်မဆွေးနွေးခဲ့စဉ်အတိုင်းပါပဲ ကျွန်မတို့ပေးလိုတဲ့ ကျန်းမာရေးနဲ့ဆိုင်တဲ့ အသိပညာပေးမှုတွေ၊ တခြားသော အသိပညာပေးလိုတဲ့ အကြောင်းအရာတွေကို မိမိတို့ရဲ့မိသားစုအသိုင်းသီးစီကိုပါ သယ်ဆောင်ပေးသွားနိုင်တာဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးနဲ့ပင် သက်ဆိုင်တဲ့ အဆိုလို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ရှေ့ဆက်အကောင်အထည်ဖော်မယ့် အမျိုးသားကျန်းမာရေးစီမံကိန်းကိုလည်း တစ်စိတ်တစ်ဒေသအကောင်အထည်ဖော်ရာရောက်တဲ့အတွက် အင်မတန်မှအရေးကြီးတဲ့အဆိုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပြည်သူ့လွှတ်တော်ကြီးအနေနဲ့လည်း ကျွန်မနဲ့ထပ်တူထပ်မျှ အရေးကြီးသောအားဖြင့် ဒီအဆိုကို ဆက်လက်ဆွေးနွေးခွင့်ရနိုင်ပါရန် လွှတ်တော်ကို လေးစားစွာတင်သွင်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်အေဇင်လတ်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ဖြစ်ပါတယ်။ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာဒေါ်အေဇင်လတ် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ ကျွန်တော်တို့နိုင်ငံသမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ်စစ်မှန်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်ခုကို ကျွန်တော်တို့ ထူထောင်နေကြပါတယ်။ အတိတ်တုန်းကတော့ နိုင်ငံတစ်ခု ထူထောင်မယ်ဆိုလို့ရှိရင် သယံဇာတအနေနဲ့ ကျွန်တော်တို့က သက်မဲ့သယံဇာတတွေက အရေးကြီးတယ်လို့ပဲ တွက်ခဲ့ကြပါတယ်။ သတ္တုတွေ၊ သစ်တွေ၊ ကျောက်မျက်ရတနာတွေ၊ သဘာဝဓာတ်ငွေ့တွေ၊ ရေနံတွေ ဒါပေမဲ့ အခုပြောင်းလဲလာတဲ့အခြေအနေမှာတော့ ခံယူချက်တွေဟာ ပြောင်းလဲလာပြီဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ကို Power Point အသုံးပြုပြီးတော့ တင်ပြခွင့်ပြုပါခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ထူထောင်နေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးမှာ ပဓာနအကျဆုံး သယံဇာတအရင်းအမြစ်ကတော့ ကျန်းမာသန်စွမ်းပြီးတော့ ပညာရည်မြင့်မားတဲ့ ပြည်သူတွေဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ ပြည်တွင်း/ပြည်ပကပါ လူထုခေါင်းဆောင်၊ ဒီမိုကရေစီခေါင်းဆောင်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ထားခြင်းခံရတဲ့ ဒီကနေ့ နိုင်ငံတော် အတိုင်ပင်ခံအဖြစ်တာဝန်ယူဆောင်ရွက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်က လွန်ခဲ့တဲ့နှစ် ၂၀ လောက် ကတည်းကဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ရေးသားခဲ့တဲ့စာတစ်ခုရှိပါတယ်။ အဲဒါလေးကို ကျွန်တော် တင်ပြပါရစေ။ တိုင်းပြည်တစ်ပြည် နိုင်ငံတစ်ခုဟာ မှန်ကန်တဲ့ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်ရှိ/မရှိဆိုတာကို တိုင်းတာနိုင်စွမ်းရှိတဲ့ အကောင်းဆုံးအညွှန်းကိန်းတွေထဲမှာ ကျန်းမာတဲ့မိခင်တွေဟာ ကျန်းမာတဲ့ကလေးတွေကို မွေးဖွားဖို့အတွက် ကောင်းမွန်တဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ဘယ်လောက်ရသလဲ ဆိုတာမျိုးရယ်၊ ပြောင်းလဲနေတဲ့ကမ္ဘာကြီးရဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ဝံ့အောင် သင်ကြားပေးနိုင်တဲ့ ပညာရေးစနစ်ကောင်းရှိ/မရှိဆိုတာမျိုးရယ် ပါဝင်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားကလေးငယ်တွေရဲ့ အနာဂတ်ပေါ်ထားရှိရမယ့် ကျွန်မတို့ရဲ့အိမ်မက်တွေဟာ ကောင်းမွန်တဲ့ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းနှင့် အဆင့်အတန်းမြင့်တဲ့ ပညာရေးအခြေအနေရရှိစေဖို့ဆိုတဲ့ ကတိကဝတ်တွေနဲ့သာခိုင်ခိုင်မြဲမြဲရစ်ပတ်နှောင်ဖွဲ့ထားသင့်ပါတယ်။ အဲဒါက ကျွန်တော်လွန်ခဲ့တဲ့နှစ် ၂၀ က ဂျပန်နိုင်ငံကထုတ်ဝေတဲ့ သတင်းစာတစ်စောင်မှာ ဖော်ပြခဲ့တဲ့ မြန်မာပြည်မှပေးစာများစာအုပ်မှ ကောက်နုတ်ချက်ဖြစ်ပါတယ်။ အဲဒီတော့ ဒါကို ကျွန်တော်တို့ ဒီကနေ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့်တက်လာတဲ့ ဒီမိုကရေစီ အစိုးရရဲ့ ကျန်းမာရေးဝန်ကြီးဌာနကိုဦးဆောင်နေတဲ့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးကလည်း ကောင်းကောင်းသဘောပေါက်ပါတယ်။ ဒီအချက်ကို ပြသဖို့အတွက် ကျွန်တော် နောက်ထပ် Slide တစ်ခုကို ပြသလိုပါတယ်။

ဒါကတော့ ၂၀၁၆ ခုနှစ်မှာ ထုတ်ယူခဲ့တဲ့ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)ဒီစာအုပ်ဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးက သူ့ရဲ့ဥယျောဇဉ်မှာဘယ်လိုရေးထားသလဲဆိုတော့ နိုင်ငံတော်၏ကျန်းမာရေးစနစ်သည် ကာလရှည်ကြာစွာ

ထိရောက်အလေးဂရုပြုမှုနိမ့်ပါးသည့်အခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ရသည့်အတွက် အခြေခံအဆောက်အဦများနည်းပါးခြင်း၊ အရည်အသွေးပြည့်မီသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တို့ ပြည့်ဝလုံလောက်စွာမရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ရေးအတွက် ငွေကုန်ကြေးကျများပြားခြင်းနှင့် မေးခွန်းထုတ်လောက်ဖွယ် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတွေကို ဖြစ်ပေါ်စေခဲ့ရပေသည်။ ကာလအတန်ကြာအောင် မြို့ပြဒေသများရှိ ဆေးရုံအခြေပြု Specialist ဆေးကုသမှုများအတွက် ဦးစားပေး၍ရင်းနှီးမြှုပ်နှံခဲ့မှုကြောင့် နိုင်ငံသူ နိုင်ငံသားအများစု မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအားပျော့ပါးလျခဲ့ရသည်။ အကျိုးအားဖြင့် ဒေသတွင်းရှိ အခြားနိုင်ငံများနှင့်မယှဉ်သာအောင် အားနည်းသည့် ကျန်းမာရေးရလဒ်နှင့် ကျန်းမာရေးအညွှန်းကိန်းများ ပေါ်ထွန်းလာခဲ့ပါသည်။ ဒါက တကယ့်ကျွန်တော် တို့နိုင်ငံရဲ့ Reality ပါပဲ။ တကယ့်အဖြစ်အမှန်ပါပဲ။ ဒါကို ကျွန်တော်တို့ အသိအမှတ်ပြုတာကိုက ကျွန်တော်တို့ အတိတ်နှင့် လမ်းခွဲပြီးတော့ ထွက်လာတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီကနေ ကျွန်တော်တို့က ရှေ့ကိုသွားရမှာဖြစ်ပါတယ်။ အတိတ်ကို ကျွန်တော်တို့ မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့မှ အနာဂတ် ကိုတည်ဆောက်ရမှာဖြစ်ပါတယ်။ ဒီလို အမှန်ကို အမှန်အတိုင်းသိမြင်ခြင်းဟာ အင်မတန်အရေးကြီး တဲ့အခြေခံအချက်တစ်ချက်ဖြစ်ပါတယ်။ ဒါကတော့ အဲဒီစာအုပ်ထဲမှာရေးထားတာပါ။ ကျန်းမာရေးကဏ္ဍသည် ဆယ်စုနှစ်ပေါင်းများစွာ မျက်ကွယ်ပြုခြင်းခံခဲ့ရပြီးနောက် ပြည်သူလူထုကျန်းမာရေး အခြေအနေတိုးတက်ရန်အလို့ငှာ ကျိုးပမ်းမှုများကို လတ်တလောအချိန်ကာလတွင် အားစိုက်ဆောင်ရွက်နေပါတယ်။ အဆိုပါကျိုးပမ်းမှုကြောင့် ကျန်းမာရေးအတွက် အစိုးရအသုံးစရိတ်သည် ၂၀၀၉ ခုနှစ်တွင် GDP ၏၀.၂ ရာခိုင်နှုန်း ကမ္ဘာ့အနည်းဆုံးဖြစ်ခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် GDP ၏ ၁ ရာခိုင်နှုန်းကျော် ဖြစ်လာခဲ့သည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါ ခုခံကျဆင်းမှုရောဂါအစရှိသည့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်တွေလည်း ထင်သာ၊ မြင်သာတိုးတက်အောင်မြင် မှုများရရှိခဲ့သည်။ သို့သော်လည်း ဂရုစိုက်ဖြေရှင်းရမည့် စိန်ခေါ်မှုများက ကျန်းမာရေးကဏ္ဍတွင် ရှိနေဆဲဖြစ်သည်။ မြန်မာ့လူ့ဘောင် အဖွဲ့အစည်း ကျန်းမာရေးအခြေအနေသည် နိမ့်ကျဆဲ၊ ဒေသတွင်းနိုင်ငံများနှင့် ရှင်သန်နိုင်စွမ်းနည်းပါးဆဲဖြစ်သည်။ ပမာအားဖြင့် မြန်မာနိုင်ငံ၏ ခန့်မှန်းလူ့သက်တမ်း သည် ၆၄.၇ နှစ်ဖြစ်ပြီး အာဆီယံဒေသတွင် အနိမ့်ပါးဆုံးဖြစ်နေ၏။ အာဆီယံ ၁၀ နိုင်ငံမှာ ကျွန်တော်တို့က အနိမ့်ပါးဆုံးပါ။ စင်ကာပူကတော့ ၈၃ နဲ့ အာဆီယံနိုင်ငံထဲမှာ အမြင့်မားဆုံးဖြစ်ပါတယ်။

၂၀၀၀-၂၀၁၁ ခုနှစ်အတွင်းကို ဝင်ငွေနည်းတိုင်းပြည်များနှင့် ဝင်ငွေအလယ်အလတ်တိုင်းပြည်များတွင် ကျန်းမာရေးရလဒ် ကောင်းများကြောင့် စီးပွားရေးတိုးတက်မှု ၁၁ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့မြင့်ခဲ့ရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် အစိုးရအသုံးစရိတ် စုစုပေါင်း၏ ၃.၆၄ ရာခိုင်နှုန်းကိုသာ ကျန်းမာရေးဘတ်ဂျက်အဖြစ် အသုံးပြုနေရပြီး အဆိုပါရာခိုင်နှုန်းသည် ဒေသစံနှုန်းနှင့် ကမ္ဘာ့စံနှုန်းများအရ လွန်စွာနည်းပါးလျက်ရှိနေသေးသည်။ ကျန်းမာရေးဘတ်ဂျက်သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၉၄ သန်းခန့်သာရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာသန်း ၈၅၀ ခန့် အထိဖြစ်လာသောကြောင့် ငါးနှစ်တာကာလအတွင်း ကိုးဆကျော်

တိုးလသည်ဟု ဆိုနိုင်ပါသည်။ ဒါကတော့ ကျွန်တော်တို့ ကျန်းမာရေးကိုလွှမ်းခြုံတဲ့ အကြောင်းအချင်း အရာတွေကို ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ တင်ပြထားတာပါ။ အဲဒီမှာ အချက်(၁၄)ချက် ပါတဲ့အခါမှာ ကျွန်တော်တို့ရဲ့ နံပတ်(၁၄)မှာ ကျောင်းကျန်းမာရေးဆိုတဲ့ကိစ္စပါပါတယ်။ အဲဒါကို ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခုနကလည်း အဆိုရှင်လည်းတင်ပြသွားပါတယ်။ ကျောင်းကျန်းမာရေးနှင့်ပတ်သက်လို့ ရှေ့မှာလည်းအဆိုတွေ တင်ခဲ့တာတွေလည်းရှိပါတယ်။ အဆိုတွေအောင်ခဲ့သော်လည်း တကယ် အဆိုရှင်ပြောသွားတဲ့အတိုင်းပဲ တကယ့်လက်တွေ့မှာ ကျွန်တော်တို့က ထူးခြားတဲ့အခြေအနေတွေ ဖြစ်မလာသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးမျိုးသောသုတေသနအချက်အလက်တွေဟာ ကျွန်တော်တို့ရဲ့ကျောင်းတွေမှာ အခြေအနေ တွေဟာ တိုးတက်လာခြင်းမရှိသေးဘူးဆိုတာ ပြသနေပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ခုနကလည်း အဆိုရှင်တင်ပြသွားပါတယ်။ ကျွန်တော် တို့ကျောင်းကင်တင်းတွေမှာ ဆိုလို့ရှိရင် ကလေးတွေ စားလို့မသင့်တဲ့လေဖောင်းမုန့်လို့ခေါ်တဲ့ အကြော်တွေ၊ နောက်တစ်ခါ ကိုရီးယားကင်လို့ခေါ်တဲ့အကြော်တွေ၊ နောက်တစ်ခါ အချိုရည်တွေ အဲဒါတွေဟာ ဘယ်လို သက်ရောက်နိုင်သလဲဆိုရင် ယင်းလေဖောင်းမုန့်များကြော်ထားသော အစားအစာများ၊ ကိုရီးယားကင် လို့ခေါ်သော အသားကင်များနှင့် အချိုရည်များသည် မြန်မာနိုင်ငံတွင် အဖြစ်များလျက်ရှိသော ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါများနှင့် နီးနီးကပ်ကပ်ဆက်နွယ် နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကျောင်းသားလေးတွေ ကြီးလာတဲ့အခါ၊ လူကြီးတွေ ဖြစ်လာတဲ့အခါ၊ သူတို့နိုင်ငံ့တာဝန်ကိုထမ်းဆောင်တဲ့အခါမှာ ဒီကင်ဆာရောဂါတွေ၊ ဒီဆီးချိုရောဂါတွေ၊ နှလုံးရောဂါတွေ၊ သွေးတိုးရောဂါတွေနဲ့ သူတို့နပန်းလုံးနေရတဲ့အတွက် နိုင်ငံ့ရဲ့တာဝန်ကို ထိထိ ရောက်ရောက်ထမ်းဆောင်နိုင်ဖို့ဆိုတာ ကျွန်တော်တို့ မျှော်လင့်ဖို့ခက်ပါတယ်။ အဲဒီတော့ ဒါနဲ့ ပတ်သက်ပြီးတော့ နမူနာတစ်ခုအနေနဲ့တော့ ကျွန်တော် ဖတ်ရှုထားတဲ့ထဲက မင်္ဂလာတောင်ညွန့် မြို့နယ်မှ မူလတန်းကျောင်းတစ်ကျောင်းတွင် ဆရာဆရာမပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားပြီးတော့ ကျောင်းတွင်းနှင့်ကျောင်းအနီးရောင်းချနေတဲ့ အစားအသောက်တွေကို တင်းတင်းကျပ်ကျပ်စစ်ဆေး နေပါတယ်။ ကျန်းမာရေးနဲ့ မညီညွတ်ရင်ပိတ်ပင်တားမြစ်ပါတယ်။ သို့သော် ဒါကလည်း ကျောင်းတစ် ကျောင်းမှာပဲလုပ်နိုင်ပါတယ်။ တကယ်တော့ ဆရာ ဆရာမတွေဆိုတာကလည်း စာသင်တဲ့လုပ်ငန်းနဲ့ပါ သူတို့ ကတွဲလုပ်နေရတဲ့အတွက်ကြောင့် နောက်ဒီအစားအသောက်တွေဟာ ဘယ်ဟာက ကျန်းမာရေး နှင့်ညီညွတ်တယ်၊ မညီညွတ်ဘူးဆိုတာကလည်း မျက်စိနှင့်ကြည့်လို့မရတာတွေရှိပါတယ်။ ဓာတ်ခွဲခန်း မှာမှ စမ်းသပ်ရတာတွေရှိပါတယ်။ မိခင်တစ်ဦးကတော့ မုန့်တွေကို သူ့ဘာသာသူလုပ်ပြီးတော့ ကလေးတွေကိုပေးလိုက်တယ်။ မုန့်ဖိုးလုံးဝမပေးဘူး။ ဒါပေမဲ့ ဒီကိစ္စဟာလည်း မိဘ အားလုံးက လုပ်ပေးနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ တကယ်တော့ ဒါက နိုင်ငံတော်က တာဝန်ယူပြီးတော့ လုပ်ပေးရ မယ့်ကိစ္စဖြစ်ပါတယ်။ ခုနကလည်း အဆိုရှင် တင်ပြသွားတဲ့အထဲမှာပါပါတယ်။ ကျောင်းသားတွေကို အာဟာရနှင့်ပြည့်ဝတဲ့ နောက်ကျန်းမာရေးနှင့်ညီညွတ်တဲ့ အစားအစာတွေချက်ပြုတ်ကျွေးမွေး နေတာကိုတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျောင်းတွင်းကျန်းမာရေးအခြေခံကိုလုပ်မယ်လို့ ဆိုလို့ရှိရင်တော့ ကျောင်းသူကျောင်းသားတွေရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးတွေရှိတယ်။ သောက်သုံး ရေရှိတယ်။ အားကစားတွေရှိတယ်။ သန့်ရှင်းတဲ့အိမ်သာစနစ်တွေရှိတယ်။ ကျန်းမာရေးအသိပညာပေး

မှုတွေ လိုအပ်ပါတယ်။ ဒါတွေအားလုံးကို ကျွန်တော်တို့က အဆိုရှင်တင်ပြသွားသလိုပဲ ကျန်းမာရေး ဝန်ကြီးဌာနတစ်ခုတည်းကတော့ လုပ်လို့မရပါဘူး။ ဆက်စပ်နေတဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဝန်ကြီးဌာန ကျန်တဲ့ CSO တွေ NGO တွေက အကုန်လုံးဝိုင်းပြီးတော့ လုပ်ပေးကြရမှာပါ။

ဒါမှ ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ်က စိတ်ချနိုင်မှာပါ။ ဒါကြောင့်မို့လို့ ဒီလိုလုပ်တဲ့ အခါမှာ အဓိကကတော့ ကျောင်းတွင်းကျန်းမာရေး၊ ကျောင်းသားတွေရဲ့ ကလေးတွေရဲ့အနာဂတ်အတွက် ကျွန်တော်တို့က နိုင်ငံတော်ရဲ့ဘတ်ဂျက်ထဲကနေပြီးတော့ သီးသန့်ဘတ်ဂျက်တစ်ခုကို ထားပြီးတော့ ဒီဘတ်ဂျက်ကို မူတည်ပြီးတော့မှ ကျန်တဲ့ကျောင်းသူကျောင်းသားတွေ၊ ကလေးတွေရဲ့အနာဂတ်ကို မျှော်လင့်ကြတဲ့ ပြည်သူပြည်သားတွေအားလုံးရဲ့ပါဝင်မှုနှင့် ကျွန်တော်တို့ဟာ ပူးပေါင်းပြီးတော့ လုပ်ဆောင်မှသာလျှင် တိုင်းပြည်ရဲ့အနာဂတ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များဖြစ်ထွန်းပေါ် ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့်မူဝါဒချမှတ်က သင့်လျော်သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့်ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ ဆက်စပ်နှီး နွှယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကြီးက လက်ခံဆွေးနွေးပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈၊ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဒေါက်တာဒေါ်အေဇင်လတ်တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာဒေါ်အေဇင်လတ် ရွှေဘိုမဲဆန္ဒနယ်က တင်သွင်းသော ကျန်းမာသန်စွမ်းသော အနာဂတ် လူငယ်များဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော် အဆင့်မူဝါဒချမှတ်ကာ သင့်လျော်သောဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နှင့် ဆီလျော်ကိုက်ညီသော နည်းလမ်းကောင်းများကို အသုံးပြုလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနနှင့်အတူ ဆက်စပ်နှီးနွှယ်သည့် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်း၍ ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘိုမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၆-၂-၂၀၁၈ ရက်(တနင်္လာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးသည့် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၄-၂-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းလိုသူများအနေနှင့် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲအကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၂၇-၂-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက် နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တပုံမှန်အစည်းအဝေး (၂၂ ) ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၁၁း၃၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ (၂၃.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Thein U Myint Oo




U Sooe Yal U Tin Htwe




Dr Myo Thein Gyi U Min Thein




Dr Myo Thein Gyi U Khin Mg Thi




Dr Myo Thein Gyi U Min Thein




Dr Myo Thein Gyi U Khin Cho

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်